မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၉၂)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် ၇ ရက် ၊ ၁၇-၆-၂၀၂၅၊ အင်္ဂါနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ



မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။

မန္တလေး ဇွန် ၁၆

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ပြန်လည်စစ်ဆေးကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း သတ်မှတ်ထားသည့် စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

ထိုသို့ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌ စာမေးပွဲဖြေဆိုရန် လိုအပ်သည့် အချက်အလက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပေးပြီး စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေ့စဉ်လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကာ စနစ်တကျဖြင့် စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ယခု ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၁၀၁ ခုဖွင့်လှစ်ထားရှိပြီး စာမေးပွဲဖြေဆိုရန် စာရင်းရှိ ၃၄၂၄၁ ဦးတွင် ၃၃၇၈၈ ဦး လာရောက်ဖြေဆိုသည့်အတွက် ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချို က ပြောသည်။

"ကျောင်းသားကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေကြပါပြီ။ စာမေးပွဲဖြေဆိုရာမှာလိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေကိုလည်း

**စာမျက်နှာ ၃ သို့ ○**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် ဇွန် ၁၆

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

# ကံ၊ ဉာဏ်၊ ဝီရိယရှိမှ ရည်မှန်းချက်အောင်မြင်နိုင်မည်

လောကဓမ္မတာတွင် "အရင်းအနှီး" ပေးမှ "အကျိုးအမြတ်" ရမည်ဖြစ်သည်။ အပင်ကိုလိုလျှင် ဝီရိယအစွမ်းဖြင့် စိုက်ပျိုးရမည်လည်းဖြစ်သည်။ နေရိပ်ကိုလိုလျှင် နေပူကစောင့်ရမည်။ ရောက်လိုလျှင်သွားရမည်။ သုခချမ်းသာအတွက် ဒုက္ခဆင်းရဲနှင့် ရင်ဆိုင်ရမည်။ လူ့ဘဝတွင် ဝီရိယသည် မရှိမဖြစ် လိုအပ်မည်ဖြစ်သည်။ ဝီရိယဆိုသည်မှာ ကြိုးပမ်းအားထုတ်မှု ဖြစ်သည်။ လူတိုင်း လူတိုင်း မိမိရည်မှန်းချက်တစ်ခု အောင်မြင်ရမည်ဟူသော ယုံကြည်ချက်နှင့် အပင်ပန်းခံကာ လုပ်ဆောင်အကောင်အထည်ဖော်နေခြင်းသည် ဝီရိယဖြစ်သည်။ ဝီရိယစွမ်းပကားသည် အမှုကိစ္စမှန်သမျှကို အောင်မြင်ပြီးမြောက်စေနိုင်သော ယန္တရားကြီးလည်းဖြစ်သည်။ ဝီရိယ ရှေ့ဆောင် ကြံတိုင်းအောင်ဟု လမ်းညွှန်ဆိုရိုး ကမ္ပည်းထိုးခဲ့ခြင်းဖြစ်သည်။ လောကတွင် ပေးဆပ်ခြင်းဖြင့်သာ ရယူကြရသည်။ ဝီရိယ၊ ဇွဲလုံ့လ၊ သွေးချွေးတို့ ပေးဆပ်ခြင်းဖြင့် အားထုတ်ရရှိလာသော အောင်မြင်မှုသည် အလွန်တရာစစ်မှန်ကာ တန်ဖိုးလည်းရှိလှသည်။ လောကတွင် လူသားတိုင်း ဘဝရပ်တည်မှု အဆင်ပြေစေရန် ကံ၊ ဉာဏ်၊ ဝီရိယ၊ သတိတို့လိုအပ်မည်ဖြစ်သည်။ လူတိုင်း ကြုံတွေ့ရမည့် အရာများကို အမှားအမှန် အကောင်းအဆိုး၊ အကျိုးအပြစ်တို့ သိရှိရန် အသိဉာဏ်လိုအပ်သည်။ "သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့အုပ်" နိုင်ရန် အရေးကြီးမည်လည်းဖြစ်သည်။ ဉာဏ်ထက်သူက အရာရာတွင် သာလွန်စမြဲဖြစ်သည်။ ဉာဏ်ပညာတွင် အသိပညာရော အတတ်ပညာပါ အကျုံးဝင်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ဉာဏ်ထက်မြက်မှုခြင်း မတူနိုင်ပါ။ သို့သော်ကြိုးစားမှတ်သားလျှင် အများသူငါနှင့် ဉာဏ်ပညာချင်းယှဉ်နိုင်ပါသည်။ ထိုနည်းတူပင် အရာရာအောင်မြင်မှုအတွက် ဝီရိယသည်လည်း အရေးပါလှသည်။

"ဉာဏ်ပင်ရှိသော်လည်း ဝီရိယကူရမည်" ဟူသော စကားလည်းရှိပြန်သည်။ ဉာဏ်ကောင်းနေရုံဖြင့်မပြီး လုံ့လ၊ ဝီရိယရှိရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘုရားက ကံ၊ ဉာဏ်၊ ဝီရိယရှိမှ ရည်မှန်းချက်အောင်မြင်နိုင်ကြောင်း ဟောကြားတော်မူခဲ့သည်။ ကံသည်မမြင်နိုင်သော အရာသာဖြစ်သည်။ မကောင်းလည်းကံ၊ ကောင်းလည်းကံဟူ၍ ကံကို ချည်းပုံချ ယိုးမယ်ဖွဲ့၍ မရနိုင်ပါ။ မကောင်းသောကံကို ကောင်းအောင်၊ ကောင်းသောကံကို မြင့်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့်သာ စွမ်းဆောင်နိုင်မည်။ ဝီရိယရှိသောသူသည် မအောင်မြင်သော အမှုဟူ၍ မရှိနိုင်ကြောင်း ဗုဒ္ဓဘုရားက ညွှန်ပြတော်မူခဲ့သည်။

လူတိုင်းသိပြီးသော ယုန်နှင့်လိပ်ပုံပြင်ကို စံပြုရမည်။ ယုန်သည် အပြေးသန်သော်လည်း အပြေးပြိုင်ပွဲတွင်ရှုံးနိမ့်ခဲ့ရသည်။ ဝီရိယနည်းကာ အိပ်နေသောကြောင့်ဖြစ်သည်။ လိပ်သည် အသွားနှေးသော်လည်း ပြိုင်ပွဲတွင် ဝီရိယစွမ်းအားဖြင့် ကြိုးစားခဲ့သောကြောင့် ပထမရရှိခဲ့သည်။ ကြိုးစားမှု မဆိတ်သုဉ်းသမျှ ထိပ်ဆုံးရောက်ရမည် ဆိုသည်မှာ ဇွဲ၊ လုံ့လ၊ ဝီရိယစွမ်းရှိလျှင် အောင်မြင်နိုင်ကြောင်း ဖော်ဆောင်လျက်ရှိသည်။

ထို့အပြင် အခက်အခဲများအကြားတွင် မကြောက်မရွံ့၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကျော်လွှားအောင်မြင်နိုင်ခြင်းမှာ ဆောက်တည်ခဲ့သည့် ဇွဲ၊ အားထုတ်ခဲ့သော လုံ့လ၊ ဝီရိယတို့ကြောင့်သာဖြစ်သည်။ လူ့ဘဝအောင်မြင်ရေးတွင် ဇွဲ ဟူသော စကားတစ်ခွန်းသည် အသံတိုသလောက် အဓိပ္ပာယ်လေးနက်သည်။ ကံ၊ ဉာဏ်၊ ဝီရိယရှိမှ ရည်မှန်းချက်အောင်မြင်နိုင်မည်ဖြစ်ရာ လူတိုင်းလူတိုင်း အောင်မြင်တိုးတက်မှုကို ရယူလိုလျှင် အသုံးပြုနိုင်သောအရာ မှီဝဲသုံးစွဲသင့်သော ဆေးစွမ်းနှင့် စွမ်းပကားတို့သည် ဇွဲ၊ လုံ့လ၊ ဝီရိယတို့သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အဖွဲ့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှု၊ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား



**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် Grade-12 စာမေးပွဲ စာစစ်ဌာနများဖြစ်ကြသည့် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ အ·ထ·က(၈)သို့ လည်းကောင်း၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်ရှိ အ·ထ·က(၄)နှင့် အ·ထ·က(၁)သို့ လည်းကောင်း၊ သီရိမာလာအရှေ့ရပ်ကွက်ရှိ အ·ထ·က(၉)သို့ လည်းကောင်း သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲ ဖြေဆိုနေမှုများအား ကြည့်ရှုစစ်ဆေးရာ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ကြီးကြပ်ရေးမှူးများက လိုက်လံရှင်းလင်းပြသရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲ ဖြေဆိုနိုင်ရေး၊ အန္တရာယ်ကင်းရှင်းရေးတို့ကို ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(ဝဇ္ဇ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွားကားဝင်းအနီး စက်မှုသင်တန်းကျောင်းနှင့် ဓာတ်ငွေ့စက်ရုံကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဗ-၂၇)၊ ၅၆လမ်း ၁၁၅လမ်းနှင့် ၁၁၅(အေ)လမ်းကြား၊ ကန်သာယာရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ လမ်း၉၀နှင့် လမ်း၃၀ထောင့်၊ ကျောက်ဆစ်မီးသတ်အနီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၀လမ်း၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊ဇွန် ၁၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၈၉လမ်းနှင့် ၃၆လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ဧရာဝတီကမ်းနားလမ်း၊ ဇွန် ၁၉ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ဧရာထွန်း (၁)၊ (ဆ)ရပ်ကွက်၊ အောင်သိဒ္ဓိမွှာရုံရှေ့တွင် လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ ၅၉လမ်းနှင့် ၁၄၀လမ်းထောင့်တို့တွင် လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ လမ်း၆၀နှင့် ၆၂ လမ်းကြား၊ တံမြက်စည်းစုရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်၊ စွယ်တော်ဘုရားမြောက်ဘက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများပြန်လည်ဖြေဆို

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် မေ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း (Camp) များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာမေးပွဲပြန်လည်ကျင်းပမည့်ရက်ကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ သတ်မှတ်ထားသည့် မြို့နယ် အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ပြန်လည်ဖြေဆိုလျက်ရှိကြသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမှုအနေဖြင့် သတ်မှတ်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူကျောင်းသားကျောင်းသူ ၆၂၈၂၄ ဦးရှိသည့်အတွက် ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုနေစဉ် ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ ကြည့်ရှုအားပေးစဉ်။





○ ရှေ့ဖုံးမှ

သက်ဆိုင်ရာ စာစစ်ဌာနတွေမှာ အဆင်သင့် ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး စာစစ်ဌာနတွေမှာလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနဲ့ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ကိုလည်း လိုက်လံစစ်ဆေးဆောင်ရွက်ပေးထားပါတယ်။ အခုစာမေးပွဲ ပြန်ဖြေရတာကတော့ ကျောင်းသားကျောင်းသူတွေအတွက် ဒုတိယအခွင့်အရေးပဲ ဖြစ်ပါတယ်။ ကံကောင်းခြင်းတွေ လာတော့မှာဖြစ်တဲ့အတွက် ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ၎င်းကပြောသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်သီတာက "ကျွန်မတို့ စာစစ်ဌာနမှာတော့ ဖြေဆိုသူ ၅၂၈ ဦးရှိပါတယ်။ အခန်းပေါင်း ၁၈ ခန်းရှိပြီး တာဝန်ကျ ဆရာဆရာမတွေအနေနဲ့ ၆၃ ဦးရှိပါတယ်။ ကျွန်မတို့အနေနဲ့ စာမေးပွဲလာရောက်ဖြေဆိုတဲ့ ကျောင်းသားကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ အားလုံးဆောင်ရွက်ပေးထားပါတယ်။ ဖြေဆိုတဲ့အခါမှာ လိုအပ်မယ့်စာရေးကိရိယာတွေကိုလည်း အဆင်သင့် ထားရှိပေးထားပါတယ်။ အခုလို ဒုတိယအကြိမ် ဖြေဆိုရတယ်ဆိုတာ ကျောင်းသား ကျောင်းသူတွေအတွက် ထူးခြားတဲ့အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီးတော့ အရင်ကဖြေဆိုခဲ့တဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို ပြင်ဆင်ပြီး ပြန်လည်ဖြည့်ဆည်းဖြေဆိုခွင့်ရမှာဖြစ်တဲ့အတွက် ဝီရိယနှစ်ဆတိုးပြီး ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက်လည်း မေ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း (Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးခဲ့ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း Online မှသော်လည်းကောင်း၊ Education Channel များနှင့် ပုဂ္ဂလိကကျောင်းများ၏ Youtube Channel , Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းသားမိဘတစ်ဦးကလည်း "အဖြေလွှာတွေ မီးလောင်ပြီဆိုကတည်းက စာမေးပွဲပြန်လည်ဖြေဆိုရနိုင်တယ်ဆိုတာ တွေးမိထားပါတယ်။ ဒါကြောင့် လိုအပ်တဲ့စာအုပ်တွေ ပြန်လည်ရှာဖွေပြီး သားကိုစာတွေသေချာပြန်လုပ်ခိုင်းထားခဲ့ပါတယ်။ ကလေးကလည်း ခြောက်ဘာသာဂုဏ်ထူးမှန်းထားခဲ့ပါတယ်။ အရင်စာမေးပွဲမှာက အင်္ဂလိပ်စာဂုဏ်ထူးမှတ်မရနိုင်ဘူးလို့ ပြောပါတယ်။ အခုလို ပြန်ဖြေရမယ်ဆိုတော့ သားက တော်တော်ကိုပျော်နေပါတယ်။ နောက်ပြီး ဒီတစ်ခေါက်ပြန်ဖြေရတာ ဒုတိယအကြိမ်အခွင့်အရေးဖြစ်တဲ့အတွက် သေချာကြိုးစားဖို့လည်း မှာထားပါတယ်"ဟု ပြောသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူတစ်ဦးက "စာမေးပွဲကို ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုရတယ်ဆိုပေမယ့် အကောင်းဆုံးဖြေဆိုနိုင်အောင် ကြိုးစားထားပါတယ်။ ပထမအကြိမ်ကထက် စာတွေပိုလုပ်ထားပြီး ဂုဏ်ထူးတွေထွက်အောင်လည်း ရည်မှန်းထားပါတယ်။ အိမ်က အဖေနဲ့အမေကလည်း အများကြီး သမီးကို ပံ့ပိုးပေးပါတယ်။ ဆရာ ဆရာမတွေကလည်း သမီးတို့ကို စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်ဖို့အတွက် လိုအပ်တာတွေကို သင်ကြားပေးပါတယ်။ သမီးရဲ့ သူငယ်ချင်းတွေအားလုံးလည်း စာမေးပွဲပြန်လည်ဖြေဆိုကြပါတယ်။ အခုလို ဒုတိယအကြိမ် စာမေးပွဲဖြေဆိုရတဲ့အပေါ်မှာ တချို့ ကျောင်းသား ကျောင်းသူတွေက စိတ်ဓာတ်ကျတာတွေ ရှိကြပါတယ်။ ဒီလိုစိတ်ဓာတ်ကျတာတွေ မဖြစ်ဘဲနဲ့ အကောင်းဆုံးကြိုးစားဖြေကြပါ။ မိဘတွေအနေနဲ့လည်း သမီးတို့ကို တစ်နှစ်ပတ်လုံး ပံ့ပိုးပေးထားတာဖြစ်တဲ့အတွက် ပင်ပန်းကြပါတယ်။ ဒါကြောင့် သမီးတို့အနေနဲ့ စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်ဖို့ တတ်နိုင်သမျှကြိုးစားသွားမှာပါ" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် သက်ဆိုင်ရာ စာစစ်ဌာနများသို့ လာရောက်နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင်လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ဘာသာရပ်အလိုက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ မြန်မာစာ ဘာသာရပ် ပြန်လည်ဖြေဆို

**ပုသိမ်ကြီး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်တွင် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ Grade-12 မြန်မာစာ ဘာသာရပ် စတင်ဖြေဆိုခြင်းကို ယနေ့ နံနက် ၉နာရီက မြို့နယ်တွင်းရှိ စာစစ်ဌာန ၂ ခု ၌ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲ ဖြေဆိုလျက်ရှိသည်။

အဆိုပါ စာမေးပွဲ ဖြေဆိုရာသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမင်းသောင်း၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား အန္တရာယ်ကင်းစွာဖြင့် စာမေးပွဲဖြေဆိုနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြသည်။

မြန်မာစာ ဘာသာရပ် စာမေးပွဲဖြေဆိုရာတွင် ပုသိမ်ကြီးမြို့နယ်တွင် စာစစ်ဌာန အထက ပုသိမ်ကြီး၊ အ·ထ·က အုန်းချောတို့တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဇွန် ၁၆**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ကျင်းပစစ်ဆေးခြင်းများအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ရမည်းသင်းခရိုင်အတွင်း သတ်မှတ်စာဖြေဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် ရမည်းသင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (သိမ်ကုန်း)၊ ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မိတ္ထီလာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများ၊ ပျော်ဘွယ်မြို့ ခုတင် ၅၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်၍ သီးသန့်စာဖြေခန်း၌ စာမေးပွဲဖြေဆိုနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် (၂၅)ခုတွင် စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားပြီး ယနေ့မြန်မာစာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၃၇၈၈ ဦး(ဖြေဆိုသည့် ရာခိုင်နှုန်း ၉၈ ဒသမ ၆၈ ရာခိုင်နှုန်း)ရှိခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာရှိ တောင်သူ ဦးခင်မောင်ထွေး၏ အောင်နိုင်တိုး နွေစပါးစိုက်ခင်းသို့ သွားရောက်ပြီး တောင်သူများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စိုက်ပျိုးရှင်သန်ဖြစ်ထွန်းနေမှုနှင့် စံကွက်ရိတ်သိမ်းပြသမှုတို့ကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ မိတ္ထီလာမြို့ ပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ အဝင်၊ အထွက်လမ်းများ၊ မြေယာရှုခင်းများပြုပြင်နေမှု၊ မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


















- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း-စာမျက်နှာ ၄




















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ညနေပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လက်ရှိဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် ကိစ္စများ၊ ငလျင်ဘေးတုံ့ပြန်ရေးလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



သတင်း–စာမျက်နှာ ၄









## ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့တွင် ကျောင်းသား၊ ကျောင်းသူများ ရောဂါပိုးမွှားကင်းစင်ပြီး စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များ၊ ချုံနွယ်များ၊ စာသင်ဆောင်များနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် သယ်ဆောင်ကာ စနစ်တကျ စွန့်ပစ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နောင်နောင်(ဗိသုကာနီးမြေ)





မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းသည့် သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့ စစ်သည်များကို အားပေးစကားပြောကြားစဉ်။



ဗထူးမြို့နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။







ယနေ့တွင်ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ ကျွန်တော် အခုအမှတ်စဉ် (၁၄) မှာ သင်တန်းတက်ရမယ်ဆိုတော့ အရင်လည်း ကိုယ့်အရှေ့က အမှတ်စဉ်တွေမှာ သင်တန်းတက်ခဲ့ရတဲ့သူတွေကို အားကျလို့ ကျွန်တော်ကိုယ်တိုင် ဒီအမှတ်စဉ် (၁၄)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ပြည်သူ့စစ်မှုထမ်းကို လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော်လည်း အသက်ပြည့်ပြီဆိုတဲ့အတွက်ကြောင့် ပြည်သူ့စစ်မှုထမ်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာတက်ရောက်တာဖြစ်ပါတယ်။ သင်တန်းတက်ရတာလည်း ပျော်ပါတယ်။ ကျွန်တော့်စိတ်ခံစားချက်ကိုက နိုင်ငံတော်အတွက် တာဝန် ထမ်းဆောင်ရမယ်ဆိုတာ သိလို့ပါ။ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ တာဝန် ထမ်းဆောင်ရမယ်ဆိုတာကို ခံစားချက် ကျွန်တော့်ရင်ဘက်ထဲမှာ ရှိလို့ပါ။ ကျွန်တော်ကတော့ ကျွန်တော် တာဝန်ထမ်းဆောင်ရမယ့် နှစ်နှစ်ကာလကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

၂။ ဒီသင်တန်း ပြီးသွားလို့ရှိရင် ကိုယ်တာဝန်ကျမယ့် တပ်တွေကို ရောက်တဲ့အခါ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းက ကောင်းပါတယ်။ ကောင်းပါတယ်ဆိုတာက နိုင်ငံသားတစ်ယောက်အနေနဲ့ မဖြစ်မနေ ထမ်းဆောင်ရမှာပေါ့။ အခုလို ရောက်လာခဲ့တဲ့အတွက်လည်း ဝမ်းလည်းဝမ်းနည်းတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ ဝမ်းနည်းတယ်ဆိုတာလည်း အိမ်နဲ့ခွဲခွာရတာပါ။ ဝမ်းသာတယ်ဆိုတာက ဒီမှာရောက်လာတော့ ကိုယ်ထင်ထားသလိုလည်း မဟုတ်ခဲ့ပါဘူး။ ဒီမှာ အပေါင်းအသင်းတွေက ကိုယ်နဲ့ သေတူရှင်ဖက်တွေနဲ့ တွေ့တော့ တစ်မျိုးလေး ဝမ်းသာမိပါတယ်။ အပြင်မှာပြောတာတော ပြည်သူ့စစ်မှုထမ်းထဲ ရောက်လို့ရှိရင် နှစ်နှစ်မဟုတ်ဘူး။ သူတို့ထားသလောက်နေရမယ်လို့ ပြောကြပါတယ်။ ဒီထဲမှာရောက်တော့ သူတို့ပြောသလို မဟုတ်ပါဘူး။ တာဝန်ထမ်းဆောင်ပြီး နှစ်နှစ်ပြည့်လို့ရှိရင် မိမိတို့ နေရာဒေသအသီးသီးကို ပြန်လို့ရပါတယ်။

သတင်းစဉ်



တပ်မတော်(ကြည်း)အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အမှတ်(၈) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေစေတီပရိယတ္တိစာသင်တိုက် အပျက်အစီးများ ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အသောကာရာမကျောင်းတိုက်အတွင်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီတို့တွင် ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများအား ဘက်စုံပြန်လည်ပြုပြင်ရေး အခြေအနေများ၊ သကျသီဟ သီလရှင်စာသင်တိုက်နှင့် ရွှေစေတီပရိယတ္တိစာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဆောက်အအုံအပြိုအပျက်ကြားမှ ဆယ်တင်ရရှိသည့် ရိက္ခာဆန်များကို အမိုးအကာအောက် ရောက်ရှိအောင် ရွှေ့ပြောင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံ ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများနှင့် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa ရှိ ရှင်းလင်းရန်ကျန် (A) ဆောင်ကို စက်ယန္တရားကြီးများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးမြို့ နန်းမြို့အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋီတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်တွင် ရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋီတိုက်ရှိ အမိုး၊ တိုင်၊ ခုံနေရာများအား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဓာတ်လှေကားနှင့် စက်လှေကားများကို အမြန်ဆုံး ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ မြွေကြီးနှစ်ကောင်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြေသားထိန်းနံရံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တောင်ဘက်စောင်းတန်းရှိ ရှင်အရဟံသိမ်ဘုရား၊ စန္ဒာမုခိဆုတောင်းပြည့်ဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှင်းလင်းရန်ကျန် (A) ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများအား လည်းကောင်း၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းပေးနိုင်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ ယနေ့အထိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော ငွေစက္ကူကျပ် ၉၁၆၇၄၄၇၀၀ (ကိုးထောင်တစ်ရာခြောက်ဆယ် ခုနစ်သိန်းလေးသောင်းလေးထောင်ခုနစ်ရာ)၊ ရွှေသားအလေးချိန် ၄ ပိဿာ ၁ ကျပ်သား၊ ရွှေထည်ပစ္စည်းနှင့် အခြားလက်ဝတ်ရတနာများအား ပိုင်ရှင်များထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ပဝတီကျောင်းတိုက်၊ အောင်မြေကျောင်း၊ ပိဋကတ်တိုက်နှင့် အသောကာရာမကျောင်းတိုက်အတွင်းရှိ ကျီးသဲရွှေတောင်ကျောင်းနှင့် ကြာငါးခိုင်ရတနာကျောင်းများတွင် တပ်မတော်သားစစ်သည်များက အပျက်အစီးများအား အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်

## မိတ္ထီလာမြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးစနစ် ပိုမိုကောင်းမွန်စေရေးနှင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းစေရေး ဆောင်ရွက်

မိတ္ထီလာ ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးစနစ် ပိုမိုကောင်းမွန်စေရေးနှင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။ (ယာပုံ)

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သောအဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးစနစ် ပိုမိုကောင်းမွန်စေရေး၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျော့နည်းစေရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် ပုဂ္ဂလိက ကိုယ်ပိုင်ထရန်စဖော်မာများ၏ ဓာတ်အားသုံးစွဲမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုထံမှ သိရသည်။ (၄၆၉)



# ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်

**မိတ္ထီလာ ဇွန် ၁၆**

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်အနီး မိတ္ထီလာမြောက်ကန်၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ဦးဆောင်ပြုလုပ်သော ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်သည့် အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မိတ္ထီလာမြောက်ကန်အတွင်း၌ ပြုလုပ်သည့် ရေကြီးမှု၌ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုများကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ဝဝ)

(၄၅၃)





# လျှော်ဘေး၊ ရေဘေးအသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ လျှော်ဘေး၊ ရေဘေးအသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ဇွန် ၁၅ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ချင်းတွင်းအထည်ချုပ်စက်ရုံတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ရာဇာဖြိုးက လျှော်ဘေး၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့လာရပါက ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်၊ မိမိကိုယ်ကို မထိခိုက်အောင် ကာကွယ်တတ်စေရန်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် ကာကွယ်ရမည့် နည်းလမ်းများနှင့် အန္တရာယ်ရှိ အဆောက်အအုံမှ ဘေးလွတ်ရာနေရာသို့ စနစ်တကျ ရှောင်တိမ်းတတ်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လျှော်ဘေးနှင့် ရေဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခန်းများ လက်တွေ့ပြုလုပ်ခြင်းများကို ဌာနဆိုင်ရာများ၊ ကြက်ခြေနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ရက်တွင် အကောက်ခွန်ဦးစီးခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်-ရွှာင်လမ်း ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးကိုလည်းကောင်းကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ (ဝဝ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၁၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် တစ်အိမ်တက်ဆင်းလိုက်လံစစ်ဆေးခြင်းများကို ဇွန် ၁၄ ရက် နံနက် ၉နာရီက ဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့သည် ရပ်ကွက်အတွင်းနေအိမ်များ၌ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ ခိုင်ခံ့မှုရှိ၊ မရှိစစ်ဆေးခြင်း၊ မီးလောင်လွယ်သည့် ပစ္စည်းများသိုလှောင်ထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည့် အချက်များအား ရှင်းလင်းပြောကြား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၀၅၇)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၉နာရီ ၄၅ မိနစ်က သတင်းအရသက်သေများနှင့်အတူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ရွှေဘိုလမ်းတွင် သန်းထက်ဝင်း မောင်းနှင်ပြီး မနန်းမြင့်သူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၁၂ နာရီခွဲက ထွန်းလွင်(ခ)စွာဗစ်နှင့် မဇာနည်လွင်တို့ နေထိုင်သည့် နောင်ချိုမြို့နယ်၊ ခြေမြစ်ပင်ကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၉၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် သန်းထက်ဝင်း(၃၂)နှစ်၊ မနန်းမြင့်သူ(၃၁)နှစ်၊ ထွန်းလွင်(ခ)စွာဗစ်(၂၃)နှစ်နှင့် မဇာနည်လွင်(၂၃)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းစာအဖွဲ့)**



# ဝင်လေထွက်လေ(သို့မဟုတ်)အစားထိုးခြင်းနှင့် ပျက်ခြင်း

**ရေချမ်း(မန်း)**

**'ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ တိ'။**

ဓမ္မစကြာသုတ္တံပါ ဘုရားရှင်၏ အဆုံးအမ ဖြစ်သည်။ အနက်အားဖြင့် အမှတ်မရှိ တစ်စုံ တစ်ခုသော တရားသည်ဖြစ်၏။ ဖြစ်ခြင်းသဘော ရှိသော ထိုတရားအားလုံးသည် ပျက်ခြင်းသဘော ရှိ၏။ တစ်ရက်က စာရေးသူအနေဖြင့် ဖြစ်ပျက်ခြင်း သဘောတရားကို ဝင်လေ၊ ထွက်လေအစဉ် မိမိနှာသီးဝ၌ တပြောင်းပြန်ပြန် ဖြစ်နေ၊ ပျက်နေတာကိုကြည့်ရင်း၊ ရှုရင်းက ပြီးခဲ့သည့် တစ်ညဉ့်တာ၏ နာရီအချို့ကို ကုန်လွန်စေခဲ့ပြီး အတွေးများစွာ ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။

နောက်ဝင်လေဖြစ်တာသည် ရှေ့ဝင်လေပျက်လို့ ဝင်လေ အသစ်အသစ်ဖြစ်တိုင်း ရှေ့ဝင်လေ အဟောင်း အဟောင်းတို့ ပျက် ပျက်သွား၍သာ ဖြစ်သည်။ သာမန်အားဖြင့်တော့ လူတိုင်းကိုယ်စီ၏ နှာသီးဖျား၌ စက္ကန့်မလပ်ဖြစ်နေသော ဝင်လေ၊ ထွက်လေသည် ရှေ့ဝင်လေ ပျက်သွားလို့၊ မရှိတော့လို့၊ ကုန်ဆုံးပျောက်သွားလို့၊ မဖြစ်သာလို့၊ နောက်ဝင်လေက အစားထိုး ထိုး ပေးနေရတာသာဖြစ်သည်။ မဖြစ်သာလို့ ကုန်သွားလို့ဆိုတာ ရှေ့ဝင်လေက သည်ခန္ဓာတည်ခြင်း(တစ်နည်း)အသက်ရှင်နေခြင်းဟု ပြောစမှတ်ရှိသည်ကို ပထမဝင်လေ၏ သတ္တိမရှိလို့၊ ပျက်သွားလို့သာ ဖြစ်သည်။ ယင်းကို သာမန်လူအများစုကတော့ ငါအသက်ရှူနေသည်။ ငါအသက်ရှင်နေသည်ဟုသာ ယူဆကာ အတွေးရောက်ကာ တည်မြဲရှင်သန်နေသည်ဟု ယူဆကြသည်။

အမှန်မူကား ရှေ့ကဦးစွာ ဖော်ပြခဲ့သည့် ဤစကြဝဠာတွင် ဘယ်အရာမှ မည်သည့်အရာမှ ထာဝရတည်မြဲရှင်သန်နေခြင်း တည်နေခြင်းမရှိပါ။ ပြောင်းလဲမြဲ ပျက်မြဲသည်သာ အမှန်ဖြစ်သည်။ ယင်းမှာ အရာအားလုံး ဖြစ်၊ တည်၊ ပျက် သံသရာဖြင့် သွားနေခြင်းပင်ဖြစ်သည်။ ဖြစ်လည်း ဖြစ်သည်၊ ပျက်လည်း ပျက်သည်။ ယင်းကို အမြဲပြောင်းလဲမှုအစဉ်ရှိနေသည့် အနိစ္စအချက်သာဖြစ်သည်ဟု မြင်ရပါမည်။ အနိစ္စအချက်ကို မြင်ပါမှ သည်ခန္ဓာတွင် ဝိပဿနာရှုနေသူ ယောဂီတစ်ဦးဦးသည် ဒုက္ခအချက်၊ အနတ္တအချက်တို့ကို ဆက်၍ မြင်မည်။ ယင်းအနိစ္စအချက်ကိုမြင်အောင် ဘုရားရှင်က ဓမ္မစကြာသုတ္တံတွင် ဒုက္ခသစ္စာကို အရင်မြင်အောင် ရှင်းပြသည်။ ပါဠိတော်အားဖြင့် **'ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ'** ဟု လာရှိပါသည်။ အနက်အားဖြင့် မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်နေတဲ့ တရားသည် ငါမဟုတ်ပါလား၊ ငါပိုင်မဟုတ်ပါလား၊ ငါ့အတ္တဟူသည် မရှိပါလားဟု သိသာစွာ မြင်နိုင်ပါသည်။ ဝင်လေ၊ ထွက်လေသဘောနှင့် မမြဲပြောင်းလဲမှုကို ပြန်ကောက်ရလျှင် နောက်ဝင်လေ ဘာလို့ ထပ်ထပ် ဖြစ်ပေးနေရတာလဲ။ ရှေ့ဝင်လေ ပျက် ပျက်သွားလို့သာဖြစ်သည်။ ယင်းသို့ဆိုလျှင် မမြဲဆင်းရဲမှုသဘောသည် သည်ခန္ဓာမှာ အချိန်တိုင်း ဖြစ်နေသည်။ မမြဲသည့်သဘောအပေါ် အချိန်တိုင်း တည်နေသည့် ဤခန္ဓာကြီး၏ သဘောသတ္တိကို ဉာဏ်၌ တကယ်မြင်လာလျှင် ခန္ဓာသည် ဘာအနှစ် ရှိပါ၏နည်း။ **အနှစ်သဘော နိုင်မြဲသည့် သဘောမရှိပါလား။ ခန္ဓာသဘောသည် အမြဲပင် အတ္တသဘောမှ ကင်းဆိတ်နေ၏။ အနတ္တသဘောသာ တည်နေ၏။ ယင်းအချက်ကို ဝင်လေ၊ ထွက်လေ ဖြစ်စဉ်ကပင် ပြနေသည် မဟုတ်ပါလား။** ရှေ့ဝင်လေမရှိတော့တာက ပျက်သွားလို့၊ ပျက်လို့ မရှိတော့လို့၊ နောက် ဝင်လေက အစားထိုးပေးရသည်။ အစားထိုး ထိုးပေးနေရတာက ဖြစ်ခြင်းသဘော။ ဝင်လေ တစ်ချက်ပြီးတိုင်း ပြီးတိုင်း ထွက်လေပြန်ပြန် ဖြစ်နေရခြင်းက ပျက်ပျက်သွားသည့်သဘော။ ပျက်သွားလို့ အစားထိုးပေးရသည်။ အစားထိုးတာက တစ်ခါ ထပ်ပျက်ပြန်သည်။ **အစားထိုးခြင်း အကြိမ်ကြိမ် အဖန်ဖန်ဖြင့် ဝင်လေ၊ ထွက်လေတို့ မပြတ်ရှိနေခြင်း ဖြစ်စဉ်သည်ပင် ဖြစ်ပျက်၊ ဖြစ်ပျက်ကို ပြနေခြင်းပင်ဖြစ်သည်။**

လူတိုင်းရရှိထားသည့် ဤခန္ဓာကြီးသည် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားကြီး လေးခု တစ်နည်း ဒေါက်တိုင် လေးခုပေါ် တည်မှီနေသည်။ ဒေါက်တိုင် လေးခုလုံးပြုတ်မှ ဒီခန္ဓာပြုတ်သည်မဟုတ်၊ ဒေါက်တိုင် တစ်ခုပြုတ်လျှင်ပင် ခန္ဓာက ပြုတ်သည်၊ ပျက်သည်။ ယင်းကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတစ်ပုဒ်၌ **'ဒကာကြီးတို့၊ ဒကာမကြီးတို့ ချိုင်းထောက်နှစ်ခုနဲ့ သွားနေတဲ့ ဒုက္ခိတတစ်ဦးဟာ ချိုင်းထောက်တစ်ခု မရှိရင်တောင်မှ ကျန်တစ်ခုနဲ့ထောက်ပြီး လွဲ လွဲသွားရင် ရသေးတယ်။ တို့လူတွေမှာတော့ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးခုထဲက တစ်ခုခု ပြုတ်လိုက်တာနဲ့ ခန္ဓာပျက်တော့တာပါပဲ။ ကံပြတ်လည်း ပျက်၊ အာဟာရပြတ်တော့လည်း ပျက်ပေါ့'** ဟု စာရေးသူ နာကြားဖူးပါသည်။

ဘုရားရှင် ဟောကြားခဲ့သည့် တရားတော်များကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ထပ်ဆင့်ဟောကြားရာ၌ ခန္ဓာဒုက္ခနှင့် စပ်လျဉ်း၍ ဆေးကုလို့မရတဲ့ ခန္ဓာပေါ်က ဒုက္ခကို မြင်အောင်ကြည့်ပါတဲ့။ ဝိပဿနာအလုပ်တွင် ဒုက္ခကို မြင်အောင်ရှုရာ၌ ထိခိုက်ဒဏ်ရာတစ်ခုခုကြောင့်ရတဲ့ ခံစားရတဲ့ ဒုက္ခ၊ ခန္ဓာကိုယ်ပေါ်မှာ အတွင်းမှာ ရောဂါဝေဒနာတစ်ခုခုဖြစ်ပေါ်လို့ ခံစားရတဲ့ မခံသာလိုတဲ့ ဒုက္ခတွေကို မဆိုလိုပါဘူးတဲ့။ ယောဂီရှုမယ့် ဒုက္ခမှာကား ဘာရောဂါဝေဒနာမှ မဖြစ်ဘဲ သာမန်ချိန်မှာကို သူ့သဘော သူဆောင်နေတဲ့ ခန္ဓာပေါ်က ဖြစ်မြဲအခြေအနေတွေကိုသာ ဒုက္ခအဖြစ် သိမြင်ရှုရမယ့် သဘောပါ။

ဘာမှမဖြစ်တဲ့ သာမန်ချိန်မှာလည်း ယောဂီဟာ လေကို ရှူနေရမယ်။ ပြီးရင် ပြန်ထုတ်မယ်။ ပြီးရင် ပြန်ရှူမယ်၊ ပြီးရင် ပြန်ထုတ်ရမယ်။ ဒီအလုပ်သည် မလုပ်ချင်လည်း လုပ်နေရမယ်။ မရှူချင်လည်း ရှူနေရမယ်။ ရပ်ထားလို့လည်း မရဘူး။ ဒါ အနိစ္စ ဒုက္ခ အနတ္တသဘောပါနေတယ်။ ပြီးတော့ စာဖတ်သူတို့ ကိုယ်စီရထားတဲ့ ဒီခန္ဓာကိုယ်ကြီးမှာ ရေနဲ့ အစာ အာဟာရကို ဆာလောင်နေတဲ့သဘော။ ဒါကလည်း မစားလို့၊ မသောက်လို့ မရပြန်ဘူး။ ပြီးတော့ကော ခန္ဓာကိုယ်ကြီးကို သန့်ရှင်းအောင် ကြေး(ချေး)ညှော်နဲ့ မညစ်ပတ်အောင် ကိုယ်လက်သုတ်သင်ပေးနေရတဲ့သဘော။ နေထိုင်တဲ့အခါမှာလည်း ထိုင်ချည်းပဲလည်း မနေနိုင်လို့ ရပ် သွား လျောင်း စသည်ဖြင့် ဣရိယာပုဒ် ပြုပြင်ပေးရတဲ့သဘော။ မအိပ်တဲ့လည်း မနေနိုင်လို့ အိပ်ပေးရတဲ့ သဘောတွေသည် မလုပ်ချင်လည်း လုပ်ပေးရသည်။ ဒါကြောင့် **ဤအရာအားလုံးသည် ခန္ဓာကို ပြုပြင်ပေးနေရသည့် သင်္ခါရဒုက္ခတွေပင် ဖြစ်သည်။ ခန္ဓာရလာလျှင် မလွဲသာ၊ မရှောင်သာ လုပ်ပေးနေရသည့် ဒုက္ခတွေပါလား။**

ပြီးရင်တော့ လူတိုင်းသိကြသည့် လူဖြစ်လျှင် ဒါနိယာမဘဲလို့ သိထားကြပေမယ့်လည်း ဒုက္ခသစ္စာအဖြစ် မြင်တတ်ရန်မှာ ဇာတိပဋိသန္ဓေဒုက္ခ၊ အိုရခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခများကလည်း ရှိပေသေးသည်။ ဤဒုက္ခအားလုံးသည် ခန္ဓာရလျှင် ရှိနေမည့် ဒုက္ခချည်းသာတည်း။ ဒါကြောင့် ဇာတိရလျှင် ဒုက္ခရမယ်။ ဇာတိမရှိရင် ဒုက္ခမလာတော့ဘူး။ အဇာတိနိဗ္ဗာန်ဟု ဆိုပါသည်။ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံတွင် 'ဇာတိပစ္စယာ ဇရာမရဏ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။' ဟု လာရှိသည်မှာ ဇာတိမှသည် ဇရာမရဏတိုင်ကြားကာလမှာလည်း သောကပရိဒေဝ ဒုက္ခတွေနှင့်ချည်းဖြစ်သည်ကို ပြဆိုထားခြင်းပင်ဖြစ်သည်။

အဆိုပါ သိသာ မြင်သာသည့် ခန္ဓာဒုက္ခအစဉ်ကို မြင်တတ် သိတတ် ရှုပွားတတ်ရန် လိုသလို ခန္ဓာနှာသီးဝမှာ အစဉ်ရှိနေ ပြောင်းလဲ မမြဲဆောင်နေသည့် အစားထိုးခြင်းသဘော၊ ပျက်-ပျက်သွားသည့်သဘော၊ ဆောင်ကာပြနေသည့် ဝင်လေ၊ ထွက်လေ ဖြစ်စဉ်အပေါ်တွင်လည်း အသိ၊ သတိကပ်ကာ ခန္ဓာမမြဲခြင်း ဒုက္ခကိုလည်း ရှုပွားနိုင်ကြပါစေကြောင်း မေတ္တာဖြင့် နှိုးဆော်အသိပေးလိုက်ရပါသည်။

## ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထုအရည်အသွေး ကျဆင်းမှု အခြေအနေများအား သိရှိနိုင်စေရန် ရေအရည်သွေး တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက မင်းဘူးမြို့ဧရိယာအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးတိုင်းတာမှုနှင့် ရေထုအရည်အသွေး တိုင်းတာမှု လုပ်ငန်းစီမံချက်အရ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက မင်းဘူးမြို့ ထောက်ရှာပင်ဆိပ်ကမ်းရှိ ဧရာဝတီမြစ် အရည်အသွေးအားလည်းကောင်း၊ ဆားပွက်ချောင်း ရေအရည်အသွေးအားလည်းကောင်း၊ ရှင်ပင်စက္ကိန်းတဲဆိပ်ကမ်းရှိ ဧရာဝတီမြစ် အရည်အသွေးအားလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မင်းဘူးမြို့ပေါ်ရပ်ကွက်များအတွင်း မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျောက်တန်းရေစက်ရုံ၊ တာဘိုင်ရေစက်ရုံနှင့် ဧရာတီမြစ်ရေတင်သန့်စင်ဖြန့်ဝေပေးရေးလုပ်ငန်းခွင်များသို့ သွားရောက်၍ ရေအရည်အသွေးများအား မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ရေထုအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများအပြင် မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေး ကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်းများကိုလည်း အဓိကကျသောနေရာများနှင့် မြို့၏ လေအရည်အသွေးကို လွှမ်းခြုံနိုင်သောနေရာများကို ဦးစားပေး၍ လေအရည်အသွေး တိုင်းတာရေးစက်များ အသုံးပြုပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထုအရည်အသွေးများအား တိုင်းတာစစ်ဆေးပြီး ရရှိထွက်ပေါ်လာသော အရည်အသွေးရလဒ်များကို ဒေသခံပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ (ဓဝံ)(၅၀၀)

## တိုင်းရင်းဆေးကုဌာနမှ ကျေးလက်နေပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသပေး

**ပျော်ဘွယ် ဇွန် ၁၆**

တိုင်းရင်းဆေးပညာဦးစီးဌာန ပျော်ဘွယ်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများ မြန်မာ့တိုင်းရင်းဆေးကို နည်းစနစ်မှန်ကန်စွာ အသုံးပြုတတ်စေရန်နှင့် အခမဲ့ ကွင်းဆင်းဆေးကုသခြင်းကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက တွင်းရွာကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

အခမဲ့ ကွင်းဆင်းဆေးကုသရာ၌ မိတ္ထီလာခရိုင် တိုင်းရင်းဆေးကုဌာနမှူး ဒေါ်အေးအေးကြူက ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ၊ ကျန်းမာရေးအတွက် အသက်အရွယ်အလိုက် ပြုလုပ်သင့်သည့် လေ့ကျင့်ခန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် ဦးစီးမှူးနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနဝန်ထမ်းများက ကျေးရွာအတွင်းရှိ ခါးနာ၊ ဒူးနာ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဇက်ကျီးပေါင်းရောဂါဝေဒနာရှင် လူနာများအား စစ်ဆေးကုသခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါဝေဒနာရှင်များအား တိုင်းရင်းဆေးနည်းပညာဖြင့် ကုသပေးခြင်းနှင့် အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# နိုင်ငံတကာ အားကစား သတင်းများ



## ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးပြတ်အနိုင်ရရှိမှုကို ဘိုင်ယန်မြူးနစ်အသင်းပိုင်ဆိုင်

**မီလန် ဇွန် ၁၆**

ဘိုင်ယန်မြူးနစ်အသင်းသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးပြတ်အနိုင်ရရှိမှု စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ဖီဖာကလပ် ကမ္ဘာ့ဖလား အုပ်စု(C)ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းသည် နယူးဇီလန်ကလပ် အော့ကလန်စီးတီးအသင်းအား ၁၀ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိရန်လည်း ရေပန်းအစားဆုံးအသင်းတွင် ပါဝင်လျက်ရှိသည်။

ဖီဖာကလပ် ကမ္ဘာ့ဖလား အုပ်စု(C) ဒုတိယပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့် ဇွန် ၂၁ရက်တွင် ဘိုကာဂျူနီယာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)

## ဒမ်ဘီလီ ကြွက်သားဒဏ်ရာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များ လွဲချော်မည်

**ပါရီ ဇွန် ၁၆**

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီသည် ကြွက်သားဒဏ်ရာကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ကာ လက်ရှိအချိန်အထိ သက်သာလာခြင်းမရှိသောကြောင့် ကလပ်အသင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့်အတူ ဖီဖာကလပ်ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များကို လွဲချော်သွားမည်ဖြစ်သည်။



ပီအက်စ်ဂျီအသင်းသည် ဖီဖာကလပ်ကမ္ဘာ့အုပ်စုပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၀ရက်တွင် ဘိုတာဖိုဂို၊ ဇွန် ၂၄ ရက်တွင် ဆီယက်တဲလ်ဆောင်းဒါးစ်တို့နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## မာတီစ်တဲလ်ကို စပါးအသင်း အပြီးသတ်ခေါ်ယူ

**တူရင် ဇွန် ၁၆**

စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး မာတီစ်တဲလ်ကို ယူရို သန်း ၃၀ ဝန်းကျင်ဖြင့် ၂၀၃၁ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည်



ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းမှ စပါးအသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားကာ သုံးဂိုးသွင်းယူခဲ့သလို ယူရိုပါလိဂ်ချန်ပီယံဆုကို ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့မှုကြောင့် အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ မာတီစ်တဲလ်က "ကျွန်တော် စပါးအသင်းကို အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကြီးကျယ်ခမ်းနားတဲ့အသင်းတစ်သင်းပါ။ အနာဂတ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ဆက်လက်ရယူသွားလိုပါတယ်"ဟု ပြောသည်။ (NGB)

## အီတလီလက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု နည်းပြသစ် ဂတ်တူဆို ပြောကြား

**တူရင် ဇွန် ၁၆**

အီတလီလက်ရွေးစင်အသင်းနည်းပြသစ် ဂတ်တူဆိုက မိမိအနေဖြင့် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း၊ မိမိအား ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အေစီမီလန်၊ နာပိုလီ၊ ဗလင်စီယာ၊ မာဆေးလ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အီတလီလက်ရွေးစင်



အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၄၇)နှစ်အရွယ်ရှိ ဂတ်တူဆိုက "ကျွန်တော် လက်ရွေးစင်အသင်းနဲ့အတူ အောင်မြင်မှုတွေကို ရယူသွားမှာပါ။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းဟာ ကမ္ဘာပေါ်မှာ ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်အသင်းကြီးတစ်သင်းပါ"ဟု ပြောသည်။

အီတလီလက်ရွေးစင်အသင်းသည် နည်းပြ ဂတ်တူဆို၏ မိတ်ဆက်ပွဲအခမ်းအနားကို လာမည့် ဇွန် ၁၉ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (NGB)

## 2025 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Taylor Fritz ဆွတ်ခူး

**စတုဂတ် ဇွန် ၁၆**

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Taylor Fritz က ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2025 Boss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

အသက်(၂၇)နှစ် အရွယ်ရှိ Taylor Fritz က "ကျွန်တော် အခုလို 2025 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (NGB)



## စီဂျေအီဂန်ရီလေးကို မာဆေးလ်အသင်း ခေါ်ယူ

**ပါရီ ဇွန် ၁၆**

မာဆေးလ်အသင်းသည် ဘန်လေအသင်း နောက်ခံကစားသမား စီဂျေအီဂန်ရီလေးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် မာဆေးလ်အသင်းတွင် ကျောနံပါတ်(၆)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား စီဂျေအီဂန်ရီလေးသည် ဘန်လေအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)

## ဂေါ်ဒွန်အား စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် ဇွန် ၁၆**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်း တောင်ပံကစားသမား ဂေါ်ဒွန်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ တောင်ပံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲကစားပြီး ၂၂ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း ဂေါ်ဒွန်အတွက် လီဗာပူးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်းထံမှ ဂေါ်ဒွန်အား ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## မာရီယိုဂီလာကို ခေါ်ယူရန် ချဲလ်ဆီးအသင်း ဆွေးနွေး

**လန်ဒန် ဇွန် ၁၆**

ချဲလ်ဆီးအသင်းသည် လာဇီယိုအသင်း နောက်ခံကစားသမား မာရီယိုဂီလာကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။ **(အောက်ပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာဇီ



ယိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ပွဲကစားပြီးနှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

မာရီယိုဂီလာ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော် ပြောကြားထားသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာဇီယိုအသင်းထံမှ မာရီယိုဂီလာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

### ဖီဖာကလပ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀နာရီ | F | ဖလူမီနီ(ဘရာဇီး) - ဒေါ့မွန်(ဂျာမနီ) |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၃၀နာရီ | E | ရေးဗားပလိတ်(အာဂျင်တီးနား) - အူရာဝါရက်စ်(ဂျပန်) |
| ॥ | နံနက်၀၄း၃၀နာရီ | F | အူလ်ဆန်(တောင်ကိုရီးယား) - မာမယ်လိုဒီဆန်းဒေါင်းစ်(တောင်အာဖရိက) |
| ॥ | နံနက်၀၇း၃၀နာရီ | E | မွန်တာရီ(မက္ကဆီကို) - အင်တာမီလန်(အီတလီ) |

# တရားမဝင် နိုင်ငံခြားငွေ ဝယ်၊ ရောင်းလုပ်ဆောင်ခြင်းများကို ဗဟိုဘဏ်က အရှိန်မြှင့်အရေးယူမည်ဟု ဆို

**မန္တလေး ဇွန် ၁၆**

တရားဝင်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးတွေ ဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ခြင်းတို့ကို လိုင်စင်မရှိဘဲ တရားမဝင်လုပ်ဆောင်ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို အရှိန်မြှင့်အရေးယူဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးကြေညာထားသည်။

ရည်ရွယ်ချက်ရှိရှိဖြင့် USDT နှင့် နိုင်ငံခြားငွေဈေးနှုန်းများ မတည်မငြိမ်ဖြစ်စေရန် Facebook Page ၊ Facebook Group ၊ Viber Group နှင့် Myanmar Market Price ကဲ့သို့ Application များမှ လှုံ့ဆော်ဆောင်ရွက်မှုများကို စောင့်ကြည့်လျက်ရှိသည်ဟု သိရသည်။

အွန်လိုင်းပေါ်မှ ဈေးကစားခြင်း၊ မမှန်မကန်သတင်း ဖြန့်ဝေခြင်းများ ဆောင်ရွက်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်တရားရုံးများတွင် တရားစွဲဆိုပြီး အရေးယူခဲ့သည့် ဖြစ်စဉ်တွေလည်းရှိခဲ့သည်ဟု ဆိုသည်။

နိုင်ငံခြားငွေ ဈေးနှုန်းမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်သည့် လူပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသည့်လူပုဂ္ဂိုလ်များ၏ Pay Account နှင့် Banking Account များ ပိတ်သိမ်းခြင်း၊ ဖုန်း SIM Card များပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

(မန္တလေးနေ့စဉ်-ဇ)



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၈၅ ကျပ် ထပ်မံကျဆင်း

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇွန် ၉ ရက်မှ ဇွန် ၁၅ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ၆၁၈၅ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇွန် ၁၆ ရက်မှ ဇွန် ၂၂ ရက်အထိ ရန်ကုန်အထိုင် ညွှန်းဈေးသည် ငွေကျပ် ၆၁၀၀ ဖြစ်သဖြင့် ၈၅ ကျပ် ထပ်မံဈေးကျသွားခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများကို ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

* - * - * - * - *

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ရပ်စောက် ဇွန် ၁၆**

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း၊ တံတားလုပ်ငန်း ၁၁ ခု၊ ခန့်မှန်းကုန်ကျငွေကျပ် ၁၄၂ ဒသမ ၇၉၀ သန်း၊ ရေပေးရေးလုပ်ငန်း လေးခု၊ ခန့်မှန်းကုန်ကျငွေကျပ် ၃၃ ဒသမ ၈၉၃ သန်း၊ အခြားလုပ်ငန်း နှစ်ခု ခန့်မှန်းကုန်ကျငွေကျပ် ၁၃ ဒသမ ၉၀၀ သန်း၊ စုစုပေါင်းလုပ်ငန်း ၁၇ ခုအတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၉၀ ဒသမ ၅၈၃ သန်းအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကဆ)**

# နှစ်အလိုက် ရေပေးရေးလုပ်ငန်း လျာထားမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**ညောင်ဦး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်နှင့် မြို့နယ်များတွင် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် RWS MIS Data ကောက်ယူဖြည့်သွင်းမှုအခြေအနေများနှင့် နှစ်အလိုက် ရေပေးရေးလုပ်ငန်းများ လျာထားမှုအခြေအနေများနှင်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၄ ရက်က ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်း (JICA) ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစိုးမောင်က ညောင်ဦးခရိုင်နှင့် မြို့နယ်များတွင် ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိ သုံးစွဲနိုင်ရန်အတွက် ရေရရှိရေးလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးရာ၌ ရေလေလွင့်ဆုံးရှုံးမှုများ မဖြစ်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ဒေသအလိုက် ပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ RWS MIS Data ကောက်ယူဖြည့်သွင်းမှုအခြေအနေများနှင့် နှစ်အလိုက် ရေပေးရေးလုပ်ငန်းများ လျာထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၄၅)

* - * - * - * - *

# မတ္တရာမြို့ အ·ထ·က(စလွန်ဖြူ)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မတ္တရာ ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲက အမှတ်(၅) ရပ်ကွက်ရှိ အ·ထ·က(စလွန်ဖြူ) တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ကျောင်းသား၊ ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်နှင့် စာရိတ္တ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် စသည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့သည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ဆရာ၊ ဆရာမများနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး) ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၆**

မြန်မာနိုင်ငံဂီတအစည်းအရုံး (မန္တလေးတိုင်းဒေသကြီး) ဆိုင်းဘုတ်တင်ပွဲနှင့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ၈၆ လမ်းနှင့် ၂၁လမ်းရှိ မြို့မအသင်းတိုက်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာလှခိုင်၊ ဒု-ဥက္ကဋ္ဌ တေးချစ်သူ ဦးခင်မောင်သန်း၊ တွဲဖက်အတွင်းရေးမှူး(၁)ဦးမောင်မောင်ချို၊ တွဲဖက်အတွင်းရေးမှူး (၂) ဒေါ်နှင်းနှင်းဖြူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (မန္တလေးတိုင်းဒေသကြီး) ဆိုင်းဘုတ်ကို ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က နံ့သာရည်ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဇွန် ၂၆ ရက်တွင် ကျင်းပမည့် မြန်မာ့ဂီတနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးပြုလုပ်ခဲ့ပြီး အစည်းအရုံးတံဆိပ်ရိုက်နှိပ်ထားသော တူညီအင်္ကျီတီရှပ်ဖြူများကို အမှုဆောင်အဖွဲ့သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (မန္တလေးနေ့စဉ်-၅)**



## ဝါကြိတ်စက်၊ ဝါပီစက်၊ ရက်ကန်းစက်များ လည်ပတ်နေမှု၊ ကုန်ကြမ်းသိုလှောင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၅ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု အဆောက်အအုံအတွင်း ဆောင်ရွက်နေသော လှ ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက် ဝါကြိတ်စက်၊ ဝါဖီစက်၊ ရက်ကန်းစက်များ လည်ပတ်နေမှု၊ ကုန်ကြမ်း သိုလှောင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တပ်ကုန်းမြို့နယ်အတွင်း မိုးဝါစိုက်ပျိုးဧက ၃၀၀၀ စိုက်မည့် အပေါ် ဧကပြည့်မီအောင် ဖွံ့စည်းနိုင်ရေး၊ ရရှိပြီးဧကများ အထွက်နှုန်း ကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်း ဝါမျိုးများနှင့် သွင်းအားစုများအား ဝါစိုက်တောင်သူများ လက်ဝယ် စိုက်ပျိုးချိန်အမီ ရောက်ရှိစေရေးနှင့် အခြားလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇွန် ၁၆**



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် အခြေခံပညာကျောင်းများ၌ မိုးတွင်းကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းပြီး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စကုမြို့အုပ်ချုပ်ရေးမှူး ဦးချိုစန်းလွင်ဦး ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ စကုမြို့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းအဖွဲ့များက စကုမြို့ပေါ်ရပ်ကွက်များအတွင်း မိုးတွင်းကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တောင်ရပ်ကျောင်းတို့၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်ပြီး အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စကုမြို့ပေါ်ရပ်ကွက်ရှိ လူနေအိမ်များနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သောနေရာများကို သန့်ရှင်းရေးပြုလုပ်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း စသည့် အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၀)

## အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)



## ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာပေချစ်မြတ်နိုးသူများက စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးသားသော တစ်ပြည်သူ မရွှေထား စာအုပ်ဖြင့် မိမိတို့ ကြိုက်နှစ်သက်ရာ ခေါင်းစဉ် တစ်ခုချင်းစီအလိုက် ဖတ်ကြားဆွေးနွေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲနှင့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကန့်ဘလူ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့် စာပေများကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းကြောင့် အတွေးအခေါ်မြင့်မားလာပြီး အသိပညာ ဗဟုသုများ ရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ် လူရွယ်များ ပေါ်ထွန်းလာစေရန်နှင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန် မိမိတို့ကြိုက်နှစ်သက်သည့် အားကစားနည်းများကိုလည်း လေ့ကျင့်ကြရန်၊ ပြည်သူ့စာကြည့်တိုက်တွင် အသင်းဝင်၍ စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ပုံများကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် သုတ၊ ရသ စာအုပ်များ၊ အသိပညာပေး နံရံကပ် စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

၀-၀-၀-၀-၀



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဆောင်ရွက်

**မိုင်းယောင်း ဇွန် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ယမန်နေ့ နံနက် ၈ နာရီက ကုက္ကိုလ်ပင်ကျေးရွာ ဗလမင်းထင်လမ်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းကို မိုင်းယောင်းမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းယောင်းမြို့နယ် မြို့မရဲစခန်းမှ ယာယီရဲမှူးတင်ကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လုံခြုံရေးအဖွဲ့ဝင်များက ဗလမင်းထင်လမ်းမပေါ်ရှိ ပြည်သူများနှင့် မော်တော်ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်အတွက် သိထားရမည့် လမ်းပေါ်ရှိ ဆေးရေးအမှတ်အသားများ၊ သတ်မှတ်ယာဉ်ကြောများ၊ လမ်းညွှန်အမှတ်အသားများ၊ ယာဉ်မောင်းသူများ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ခြေကျင်လျှောက်သူများ သိရှိလိုက်နာရန် အချက်များ၊ စက်ဘီးစီးသူများ လိုက်နာရန် စည်းကမ်းချက်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ရာစီ(ပြန်/ဆက်)



## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပို့ချ

**နမ့်စန် ဇွန် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက မက်မွန်မုန်း ကျေးရွာအုပ်စု၊ နမ့်မော်ခေါက်ဆင့်ကျေးရွာ ဘက်စုံသုံးခန်းမ တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နမ့်စန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြား၍ လှိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရာဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူခဲ့သည်။ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အဆိုပါလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ ပထမအကြိမ်၊ ဇွန် ၂၉ရက်မှ ဇူလိုင် ၅ ရက်အထိ မွှမ်းမံသင်တန်းများအဖြစ် ဖွင့်လှစ်၍ လက်ဆေးဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည်၊ မှန်ကြည့်ဆေးရည်နှင့် အိမ်အတွက်အသုံးဝင်သည့် ကုန်ပစ္စည်းများ ပြုလုပ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားငါးဦးအားရွေးချယ်၍ လုပ်ငန်းထူထောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ နမ့်မော်ခေါက်ဆင့်ကျေးရွာမှ သင်တန်းသူ ၁၃ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကာတွန်းဆရာ နဂါးလေး(အမရပူရ)၏ “နားကားသွားမယ်” စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၆**

ကာတွန်းဆရာ ကာတွန်းနဂါးလေး(အမရပူရ)၏ အသက် ၇၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် “နားကားသွားမယ်” ကာတွန်းစာအုပ်မိတ်ဆက်ပွဲနှင့် စာအုပ်လက်ဆောင် ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ စာပေတင်းကုတ်တွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားမှူးအဖြစ် စိုးဝင်း(ဆ·သ·ရ)က ဆောင်ရွက်ပြီး ဆရာအောင်တင်ဝင်း (ငါ့သရောက်)နှင့် ဆရာမြင့်သိန်း (ပညာရေး)တို့က မှဒိတာစကားပြောကြားကြသည်။ ထို့နောက် ကာတွန်းဆရာ ကာတွန်းနဂါးလေးက အသက် ၇၀ နှစ်ပြည့် မွေးနေ့အဖြစ် ကာတွန်းစာအုပ်မိတ်ဆက်ပွဲနှင့် စာအုပ်လက်ဆောင်ပေးအပ်ရခြင်းနှင့် စာအုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား စာအုပ်တစ်အုပ်စီလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ရဟန်းစာဆို ဆရာတော် တက္ကသိုလ်တေဇာလင်း၊ ရဟန်းစာဆို ဆရာတော် ကောင်းတေးသီနှင့် တက်ရောက်လာကြသူများက ကာတွန်းပညာရပ်နှင့် ကာတွန်းစာအုပ်ထွက်ရှိမှုအပေါ် ဝမ်းမြောက်စကားများ ပြောကြားကြသည်။



အခမ်းအနားသို့ မန္တလေး၊ ပုသိမ်ကြီး၊ အမရပူရ၊ တံတားဦးမြို့တို့မှ စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများ တက်ရောက်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**တာချီလိတ် ဇွန် ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ ဝေလေလန် ကျေးရွာဓမ္မာရုံတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားကာ ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မျိုးက လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗီဒီယိုဖွင့်လှစ်ပြသသည်။

ထို့နောက် ရှမ်းပြည်နယ်ဦးစီးမှူး ဦးအောင်မျိုး၊ ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူတို့က ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၁၉၇ကတ်ကို ပြည်သူတစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား Biometric Data များ ကောက်ယူပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**




## လက်ပန္နယ်ကျေးရွာ(အလက)ကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၁၂ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် လက်ပန္နယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ သိကောင်းစရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရမည့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး အမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲပါက အရေးယူခံရမည့်အချက်များ၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက စာသင်ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၄၄၅)




## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေရပ်ကွက်အချို့နှင့် လယ်စိုက်ခင်းများ ရေနစ်မြုပ်မှု ဖြစ်ပေါ်

**ညောင်ရွှေ ဇွန် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေညောင်-ညောင်ရွှေကားလမ်းမအချို့နေရာများ၌ ရေလွှမ်းကျော်ခြင်းများ ဖြစ်ပေါ်ခြင်း၊ နဒီကန်နှင့်သာစည်ကန် ရေမျက်နှာပြင် မြင့်တက်ခြင်း၊ မြေနိမ့်ပိုင်းလူနေရပ်ကွက်များဖြစ်သည့် သာစည်ရပ်ကွက်၊ ကန်သာရပ်ကွက် နေရာအတော်များများနှင့် မြို့လယ်ရပ်ကွက်၊ ဝင်းရပ်ကွက်များအတွင်း လမ်းအချို့နှင့် လူနေအိမ်အချို့တို့တွင် ရေလွှမ်း၊ ရေကျော်မှုများဖြစ်ပေါ်လျက်ရှိပြီး စပါးစိုက်ခင်းအချို့ ရေနစ်မြုပ်လျက်ရှိသည်။



အဆိုပါ ရေလွှမ်း၊ရေကျော်မှုကြောင့် လူနှင့်အိမ်မွေးတိရစ္ဆာန်များ ထိခိုက်သေဆုံးမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်းနှင့် လိုအပ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ယာယီကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အသင့်ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်

**ကျိုင်းတုံ ဇွန် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ရဲတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး မောင်မောင်အေးက အမှာစကား ပြောကြားပြီး ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံး(ကျိုင်းတုံ)၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများရှိ ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သား၊ သမီး အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၁၅၈ ဦးအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်စရိတ် ငွေကျပ် ၃၆ သိန်းနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြို့

## ကံကောင်းချင်ရင် ကံကိုပြင်

* ချမ်းသာချင်ရင်
လှူဒါနတွင်
ဒါနပြုကာ
ကံကိုပြင်
ဒါနပြုက လှူဒါနလှ
ပြည့်စုံကြွယ်ဝ ချမ်းသာရ။

* သက်ရှည်ချင်ရင်
လှူဒါနတွင်
သီလစောင့်ရင်း
ကံကိုပြင်
သီလစောင့်မှ လှူဒါနလှ
ပြည့်စုံကြွယ်ဝ သက်ရှည်ရ။

* နိဗ္ဗာန်ရောက်ချင်
လှူဒါနတွင်
ဝိပဿနာကျင့်ကာ
ကံကိုပြင်
ဝိပဿနာရှိမှ လှူဒါနမှ
ဒုက္ခငြိမ်းက နိဗ္ဗာန်ရ ။ ။

**ဝိုင်းကြည်ဖြူ(နောင်ချို)**

## သက်ကြီးစာပေပညာရှင်များအား ကန်တော့ငွေများပေးအပ်ပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၆**

စာဆိုတော်နေ့ အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ အဆိုပါ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲတွင် ရန်ကုန်မြို့သို့ မတက်ရောက်နိုင်ခဲ့သည့် မန္တလေး၊ မဟာအောင်မြေမြို့နယ်မှ သက်ကြီးစာပေပညာရှင်များ ကန်တော့ငွေပေးအပ်ပွဲနှင့် နာရေးထောက်ပံ့ငွေပေးအပ်ပွဲ၊ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်ပွဲတို့ကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၃၅လမ်းနှင့်၇၆လမ်းထောင့်ရှိ ကီးမားတင်ဝင်းကဖေးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး)နှင့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၊ ထောက်ပံ့ကြေးလက်ခံမည့် ကာယကံရှင်များ တက်ရောက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဆရာ အိုးဝေ(မြေနီကျင်း)ကဆောင်ရွက်သည်။ ရှေးဦးစွာ မဟာအောင်မြေမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း ပညာရေး)က အဖွင့်အမှာစကားပြောကြားရာတွင် သက်ကြီးစာပေပညာရှင်များအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ရန်ကုန်မြို့တွင် ကျင်းပသည့် အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေပညာရှင် နှစ်ဦးအတွက် ကန်တော့ငွေများပေးအပ်ခြင်းနှင့် မြို့နယ်မှ နာရေးထောက်ပံ့ငွေ တစ်ဦး၊ နာမကျန်းထောက်ပံ့ငွေ နှစ်ဦးတို့ကို ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ကြီးကန်တော့ခံ စာပေပညာရှင် ဆရာကြီး ပါမောက္ခဒေါက်တာ ဦးမိတ်နှင့် ဆရာကြီး ဦးကျော်စန်း(ကျော်စန်း-မန်းတက္ကသိုလ်)တို့အား တစ်ဦးလျှင် ကန်တော့ငွေကျပ် ၂၃၀၀၀၀ စီ ပေးအပ်ကြသည်။

ဆက်လက်၍ နာရေးထောက်ပံ့ငွေကို ဆရာဦး မောင်မောင် (မောင်-မုခ်ဦးတန်း) ကိုယ်စား မိသားစုဝင်တစ်ဦးအား ငွေကျပ် ၁၂၀၀၀၀ နှင့် နာမကျန်းထောက်ပံ့ငွေအဖြစ် ဆရာ ဦးတင်ထွန်း (တင်ထွန်း-ရွှေကူ)နှင့် ဆရာမ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)တို့အား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ စီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာသူများကိုယ်စား ပါမောက္ခ ဒေါက်တာဦးမိတ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခင်ခင်ဝင်း(ပညာရေး)**




## စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**နတ်မောက် ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာပေး သုတ၊ ရသစာပေများနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန် ရည်ရွယ်၍ အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)သို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ယမန်နေ့ နံနက် ၁၀ နာရီက စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ ငှားရမ်းပေးရာတွင် နတ်မောက်မြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)နှင့် အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)တို့တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်၊ စာစောင်များ အလှည့်ကျ၊ အခမဲ့ငှားရမ်းပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်များကို ပြသခဲ့သည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများသို့ အရောက်သွားကာ လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ မည်သူမဆို စာအုပ်၊ စာစောင်များကို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ရန် မြို့နယ်ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မှူးစန်း**



# ချမ်းသာကြီးမြတ်စွာဘုရားတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး ဇွန် ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ချမ်းသာကြီးမြတ်စွာဘုရားတွင် သာသနိကအဆောက်အအုံ အချို့ ပျက်စီးမှုများရှိခဲ့ရာ ပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။

လာရောက်လှူဒါန်းကြသည့် အလှူရှင်များမှာ ဦးမြင့်သန်း+ဒေါ်တင်တင်သန်း၊ (သမီး)မဝေသဇင်ဖူး၊ ခင်သက်ပိုင်ဖူး၊ ရည်မွန်အထည်ဆိုင်မိသားစုက ငွေကျပ် ၂၅ သိန်း၊ ဦးလှဘုန်း+ဒေါ်မြဝတ်ရည် (သမီး)မသွန်းနဒီထက်၊ မသွန်းနဒီစံမိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမြင့်ထွေး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးညီမောင်နှင့်သားများ စာအုပ်ချုပ်ဆိုင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမျိုးဝင်းနိုင် (ညီမ) ဒေါ်သီတာမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကြင်ငွေ၊ ဒေါ်တင်လှိုင်ရည်စုး၍ သားသမီးမြေးတစ်စုတို့က ငွေကျပ် တစ်သိန်း၊ ဦးချိုရည်စုး၍ ဒေါ်လှမြင့် သားသမီးမြေးတစ်စုတို့က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဓဝံ)

(မန္တလေးနေ့စဉ်-၉)






မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ရတနာမန္တလေးအိမ်ရာရှေ့တွင် ဇွန် ၁၅ရက် နံနက်ပိုင်းက ကိုစတီဗင်ဇော်ကြီး ဦးဆောင်လျက် ခုနစ်ရက်သားသမီး အလှူရှင်များက အပတ်စဉ်ဘုံဆွမ်းလောင်းအဖြစ် သံဃာတော် ၂၅၀ ပါးအား ဆွမ်း၊ ကြက်သားဆီပြန်၊ ပဲတီချဉ်သုပ်၊ ဒညင်းသီးငါးပိချက်၊ ပေါင်မုန့်၊ သီးစုံစာတတ်ဆားအချိုရည်များ လောင်းလှူကုသိုလ်ပြုစဉ်။

(၀၇၀)

# အထက်ပစ္စယံဌာပနာပိတ် လှူဒါန်းပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၁၆**

ပုဂံပြည့်ရှင် အနော်ရထာမင်း၏ ချစ်လှစွာသော မိဖုရား ရှမ်းမင်းသမီးမိဖုရား စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတာဘက်ဘုရား အောင်ပင်လယ်စောမွန်လှပေါ်တော်မူဘုန်းကြီး သင်ပညာရေးကျောင်းအတွင်းရှိ ဆုတောင်းပြည့် မြတာဘက်စေတီတော်ကြီးကို နဂါးကိုးကောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒမှ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် ကုသိုလ်ရှင်များနှင့် အတူ ပြန်လည်ပြုပြင်မွမ်းမံ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ရာ အထက်ပစ္စယံဌာပနာပိတ်လှူဒါန်းပွဲကို ဇွန် ၂၁ရက် စနေနေ့ နံနက် ၈နာရီတွင် ဌာပနာပိတ်ပူဇော်မည်ဖြစ်ပါ၍ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များ၊ ဘုရားဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်နိုင်ရန်ဖိတ်ကြားထားကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)




# ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်

**ပွင့်ဖြူ ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဌာနရှိအမြဲတမ်းဝန်ထမ်းများ၏ သား၊ သမီးကို ပညာသင့်ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းကို ဇွန် ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဈေးဦးစွာ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ဌာနရှိ အမြဲတမ်းဝန်ထမ်းများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားမိဘ (ဝန်ထမ်း)တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဌာနရှိ အမြဲတမ်း ဝန်ထမ်းများ၏ သား၊ သမီး ၁၇ဦးအား မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၅၀၀၀ နှုန်းစီနှင့်ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူများထံ အသီးသီး ထောက်ပံ့ပေးအပ်ကြပြီး ပညာဆည်းပူးလေ့လာသင်ကြားရာတွင် လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားသင်ယူကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နှစ်စဉ်ကျောင်းဖွင့်ရာသီချိန်၌ ဌာနရှိ အမြဲတမ်းဝန်ထမ်းများ၏ ကျောင်းနေအရွယ် သား၊ သမီးများကို အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ကူညီထောက်ပံ့ပေးလျက်ရှိပြီး ဌာနတွင်းရှိ ဝန်ထမ်းများကိုလည်း စားသောက်ရေး အဆင်ပြေစေရန်အတွက် အခါအားလျော်စွာ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် အခြေခံစားကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိကပြောသည်။

(အောက်ဓဝံ)

(၄၄၅)



# ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ကျန်းမာရေးငွေပဒေသာပင်နှင့် သွေးတိုး၊ ဆီးချိုကျဆေးများ လာရောက်လှူဒါန်း

**မန္တလေး ဇွန် ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းကျန်းမာရေး၊ သဘာဝဘေး လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ ဇွန် ၁၅ရက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့် ၆၅လမ်းထောင့်နေ ဒေါက်တာဒေါ်ခင်အေးမူမိသားစုက မျက်စိ၊ ကျောက်ကပ်၊ ကျန်းမာရေးဆေးပဒေသာပင် ငွေကျပ် သိန်း ၃၀ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ ၈၇လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြားနေ ဒေါ်နန်းလှလှဌေး (ရွှေကောင်းကင်အော့ဖ်ဆက်) မိသားစုက ကျန်းမာရေးပဒေသာပင် ငွေကျပ် ၅သိန်းကို လည်းကောင်း၊ မိခင်ကြီး ဒေါ်ပိုက်ပိုက်က ငွေပဒေသာပင် ငွေကျပ်၄သိန်းကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅(ဘီ)လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားနေ ဦးဝင်းနိုင်+ဒေါ်ဥမ္မာမိသားစုက ငွေကျပ် ၅ သိန်း တန်ဖိုးရှိ သွေးတိုး၊ ဆီးချိုကျဆေးမျိုးစုံတို့ကို လာရောက်လှူဒါန်းရာ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ်-001683၊ KBZ ဘဏ် 0413 04 04101481201 သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃ -၆၀၀၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok** မှာ တွေ့တဲ့ မြန်မာတိုင်းရင်းဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ ဒီဆောင်းပါးလေးကို ဖတ်ပြီး အနာနဲ့ဆေးတွေ့ကာ ပျောက်ကင်းကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ပါတယ်။

**လေဖြတ်ပြီး စကားမပီသဘဲ ဗလုံးဗထွေးဖြစ်လျှင်** အင်ဒုံထဲတွင် ဆား ၁၀ ကျပ်သားကို အောက်ခံထားပြီး သပွတ်ခါးသီး ၁၀ လုံးကို တင်၍ နေ့စဉ် နံနက်တစ်ခါ၊ ညနေတစ်ခါ ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် နင်းပေးပါ။

**ဒူးနာ၊ ခါးနာ၊ တစ်ကိုယ်လုံးနာကျင်၊ လေးလံနေလျှင်** ပိစပ်ရွက်လက်တစ်ဆုပ်စာကို ခူးပြီး ရေစင်အောင်ဆေးကြောပါ။ ရေနှင့် ၁၀ မိနစ်၊ ၁၅ မိနစ်ခန့်ကြာအောင် ပြုတ်ပါ။ ပြုတ်လို့ရသည့် အရည်ကို အစာမစားခင် ဖန်ခွက်တစ်ခွက် နံနက်၊ နေ့လယ်၊ ည တစ်ရက်လျှင် သုံးကြိမ်သောက်ပေးပါ။

**ရေဖျင်းဖြစ်လျှင်** ဖောက်လောက်ညိုပင်(တစ်ပင်လုံး အမြစ်ပါ မကျန်)ကို ရေတစ်လီတာနှင့် သုံးခွက်တစ်ခွက်တင်ကျိုပြီး ရေနွေးကြမ်းပန်းကန်နှင့် နံနက်၊ ညသောက်ပေးပါ။ အရွက်ကို သုပ်ပြီး အနည်းငယ်မျှ စားပေးပါ။

**လိပ်ခေါင်းနှင့် ဂရင်ဂျီနာဖြစ်လျှင်** ရှားစောင်းလက်ဆက်(အလှေကျပေါက်တဲ့နွယ်ပင်အမျိုးအစား)ကို ရေစင်အောင်ဆေးပြီး အနားစောင်းများကိုလှီး၍ အပိုင်းအပိုင်းလေးတွေဖြတ်တောက်ပြီး ညက်နေအောင်ထောင်းပါ။ နှစ်ချို့မန်ကျည်းသီးမှည့်အနှစ်နဲ့ ထောင်းထားသော ရှားစောင်းလက်ဆက်အနှစ်တွေကို ရောနယ်ပြီး ဂေါ်လီလုံးခန့် အလုံးလေးတွေဖြစ်အောင်လုံးပြီး အခြောက်ခံထားပါ။ တစ်နေ့ကို နံနက်၊ ည သုံးလုံးစီ သောက်ပေးပါ။

**နှစ်ခြိုက်စွာအိပ်မပျော်၊ အရိုးသန်မာ၊ အစာအိမ်ကင်ဆာနှင့် အရိုးကင်ဆာ၊ ကျောက်ကပ်အားနည်း၊ အဆစ်အမြစ်ကိုက်ခဲ၊ စိတ်ဖိစီးဖြစ်လျှင်** မီးဖုတ်ထားသော ငှက်ပျောသီး နှစ်လုံးကို ပျားရည်နှင့်ရော၍ တစ်နေ့လျှင် နှစ်လုံးစားပေးပါ။

**ကျောက်ကပ်၊ ဆီးရောဂါများ၊ မျက်စိမှုန်၊ ပန်းနာရင်ကြပ်၊ ဆီးကျိတ်ဖြစ်လျှင်** ဆင်နှာမောင်းပင်(တစ်ပင်လုံး အမြစ်ပါပါရမည်)ကို ရေစင်အောင်ဆေးပြီး ရေနှင့် မိနစ် ၃၀ ကြာအောင်ပြုတ်ပါ။ ထိုအရည်ကို တစ်နေ့တစ်ကြိမ် အစာမစားမီ လက်ဖက်ရည်ပန်းကန်တစ်လုံးစာ သောက်ပေးပါ။

**သည်းခြေ၊ ကျောက်ကပ်ဖြစ်လျှင်** ပေါက်ပန်းဖြူအပွင့်နှင့် အရွက်တို့ကို မကြာခဏပြုတ်ပြီး တို့စားပေးပါ။

**သွေးချိုဖြစ်လျှင်** သရက်ရွက်သုံးရွက်ကိုခူး၍ ရေစင်အောင်ဆေးပြီး ညှပ်၍ ငါးကြင်းဖန်ခွက်ထဲကိုထည့်ပါ။ ထို့နောက် ရေနွေးထည့်၍ အဖုံးအုပ်ပြီး တစ်ညလုံးစိမ်ထားပါ။ ထိုအရည်ကို သောက်ပေးပါ။

**အာရုံကြောရောဂါဖြစ်လျှင်** ငါးကြင်းဖန်ခွက်ထဲသို့ ပူစီနံရွက်လက်တစ်ဆုပ်စာကို ချေထည့်ပြီး မိနစ် ၂၀ ခန့် ရေနွေးထဲစိမ်၍ အဖုံးအုပ်ထားပါ။ ထိုအရည်ကို သောက်ပေးပါ။

**ကင်ဆာဖြစ်လျှင်** သင်္ဘောရွက်သတ္တုရည်ကို အရည်ညှစ်၍ ဖက်လက်ရည်ဇွန်းသုံးဇွန်း နံနက်၊ ည သောက်ပေးပါ။ (ကင်ဆာ မှန်သမျှ အကုန်ပျောက်ပါသတဲ့။) ခြေဆစ်၊ လက်ဆစ်ကိုက်ခဲတာတွေ၊ အဆစ်အမြစ်ရောင်ရမ်းတာတွေ၊ သွေးပေါင်ချိန်တက်တာ၊ အရေပြားရောဂါဖြစ်တာ၊ ဆီးချို၊ ဆီးနည်း၊ ဆီးအောင့်၊ ချောင်းဆိုး၊ အဆုတ်၊ တီဘီရောဂါတွေလည်း ပျောက်ပါသတဲ့။

**အူမကြီးကိုသန့်စင်စေပြီး အပူအပုပ်ကင်းချင်လျှင်** ရေနှစ်လီတာထဲသို့ သခွားသီး တစ်လုံးကို ပါးပါးလှီးထည့်ပါ။ သံပရာသီး တစ်လုံးကိုလည်း အရည်ညှစ်ထည့်ပါ။ ပူစီနံပင် ခြောက်ပင်ကိုလည်း လှီးပြီး ထည့်ပါ။ အဖုံးအုပ်ထားပြီး ၄ နာရီကြာသည်အထိ စိမ်ထားပါ။ ထိုအရည်ကို နံနက်၊ ည နှစ်ကြိမ် ဖန်ခွက်တစ်ခွက်စာစီ သောက်ပေးပါ။

**အဆုတ်ပွချောင်းဆိုးလျှင်** ရှားစောင်းလက်ပပ်တစ်ထွာခန့်ကို အလယ်မှခွဲပြီး ဂျုယ်လီဖတ်လေးများကို ဇွန်းနှင့်ခြစ်ယူ၍ ပန်းကန်ထဲကို ထည့်ပါ။ ထိုအထဲသို့ သံသရာသီးတစ်လုံးကို အရည်ညှစ်ပြီး ဆားအနည်းငယ်ထည့်၍ သမအောင်မွှေပြီးသောက်ပေးပါ။ (အစာအိမ်ရောဂါရှိသူများ သံပရာသီးအစား သံပယိုသီးသုံးပေးပါ။)

**သွေးတိုးနှင့်ဝမ်းချုပ်လျှင်** ဆေးပုလဲပင်၏အရွက် သုံးလေးရွက်ကို ဝါးစားပြီး ရေသောက်ပေးပါ။

**သွေးတိုးလျှင်** ဒန့်သလွန်စေ့အခြောက်စေ့ နှစ်စေ့ကို ဝါးစားပြီး ရေအဝသောက်ပေးပါ။

**အိပ်မပျော်၊ ဝမ်းချုပ်၊ ဝမ်းသွား၊ ခါးနာ၊ ခြေလက်ထုံကျင်လျှင်** မဲဇလီရွက် လက်တစ်ဆုပ်စာကို ရေတစ်လီတာနှင့် ၁၅ မိနစ်ခန့် ပြုတ်ပြီး ထိုအရည်ကို ညအိပ်ရာဝင်ခါနီး လက်ဖက်ရည်ပန်းကန်တစ်လုံးစာ သောက်ပေးပါ။

**ကျောက်ကပ်တည်၊ သွေးတိုး၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ရောင်ရမ်းနာကျင်ခြင်းဖြစ်လျှင်** ဒန့်သလွန်ရွက်ကို ဟင်းချိုချက်၍ မကြာခဏ သောက်ပေးပါ။

**ဖောရောင်လျှင်** ဆူးပန်းတောင်းပင်တစ်ပင်လုံး(အမြစ်ပါမကျန်)ကို ရေစင်အောင်ဆေးပြီး ခုတ်ပိုင်း၍ ရေတစ်လီတာနှင့် ၁၅ မိနစ်ခန့် သုံးခွက်တစ်ခွက်တင်ကျိုပါ။ ထိုအရည်ထဲသို့ ဒိုပါလာသကြား (ပရဆေးဆိုင်များတွင် မေးဝယ်ပါ။)အနည်းငယ်ကို အမှုန့်ကြိတ်ပြီး ထည့်သောက်ပေးပါ။ သုံးလေးငါးရက် ဆက်တိုက်သောက်ပေးပါ။ ဆီးခဏခဏသွားသော်လည်း စိုးရိမ်စရာမလိုပါ။

**အပူလောင်လျှင်** ကြက်ဥတစ်လုံးကို ဖောက်ပြီး အကာကိုယူပါ။ မီးလောင်ဒဏ်ရာပေါ်သို့ ကြက်ဥအကာကို လိမ်းကျံပေးပါ။

**ကြွက်နို့ပေါက်လျှင်** ချင်းတက်ကို ထိပ်မှလှီးဖြတ်၍ ၄င်းဖြတ်ထားသောနေရာတွင် ထုံးသုတ်လိမ်း၍ ကြွက်နို့ပေါ်သို့ တဖြည်းဖြည်းချင်း ပွတ်လိမ်းပေးပါ။ **(တစ်နည်း)** ယမ်းမီးခြစ်ဆန်နှင့် ကြွက်နို့အခြေကို ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် တစ်နေ့လျှင် နှစ်ကြိမ် ဖိပြီး ပတ်ချာလည် ပွတ်ပေးပါ။

**ကိုက်ခဲညောင်းညာလျှင်** မိဿလင်နှင့် ချင်းကို ဆတူရော ကြိတ်၍ ပုလင်းတစ်လုံးထဲတွင် မီးတောက်အရက်နှင့်စိမ်ပြီး သုံးပတ်ခန့်ထည့်ထားပါ။ ထိုအရည်ကို ကိုက်ခဲညောင်းညာသည့်နေရာများသို့ စိမ့်ဝင်အောင် လိမ်းပေးပါ။

**ဆီးအောင့်၊ ဆီးနာလျှင်** ဓာတ်ပိုလ်သီး ငါးပုံတစ်ပုံခန့်ကို သွေး၍ ကြံရည်တစ်ခွက်နှင့် ရောသောက်ပေးပါ။

**ချောင်းဆိုး၊ တီဘီဖြစ်လျှင်** တောလေးညှင်းပင် တစ်ပင်လုံးကို ရေတစ်လီတာနှင့် သုံးခွက်တစ်ခွက်တင်ကျို၍ နံနက်၊ ည နှစ်ကြိမ် သုံးရက်ဆက်တိုက် သောက်ပေးပါ။ **(တစ်နည်း)**ပိစပ်ရွက်သတ္တုရည် ထမင်းစားဇွန်းနှစ်ဇွန်း သောက်ပေးပါ။

**လက်ဖျား၊ ခြေဖျားထုံကျင်ခြင်း၊ ခေါင်းမူးခြင်းဖြစ်လျှင်** ဆိတ်နို့ပင်တစ်ပင်လုံးကို နုတ်ယူပြီး ရေစင်အောင်ဆေး၍ အတုံးသေးသေးလေးတွေတုံးပြီး နေခြောက်လှန်းပါ။ ခြောက်သွားလျှင် ဒယ်အိုးထဲထည့်ပြီး မွှေးလာသည်အထိ လှော်ပါ။ ထိုလှော်ထားသော အရွက်ကို ရေနွေးထဲခတ်ပြီး တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ် သောက်ပေးပါ။

**သွေးလေးဘက်နာဖြစ်လျှင်** ဆီးဖြူသီးတစ်ပိဿာကို ပြုတ်ပြီး အစေ့များကို ထုတ်၍ ညက်နေအောင် ထောင်းထားပါ။ ထန်းလျက်(အမည်း)ကို ရေနှင့်ကျို၍ အရည်စစ်ပြီး ထောင်းထားသော ဆီးဖြူသီးနှင့်ရော၍ အနှစ်ကျလာသည်အထိ ချက်ပါ။ ရလျှင် ဘူးထဲသို့ ထည့်ပြီး သိမ်းထားပါ။ တစ်နေ့လျှင် ထမင်းစားဇွန်းတစ်ဇွန်း စားပေးပါ။

**ဆံပင်ဖြူနေလျှင်** ပိစပ်ရွက် ၁၀ ရွက်နှင့် အောင်မဲညိုပန်းခြောက်ရွက်ကို ညက်ညက်ထောင်းပြီး ရလာသောအရည်ကို ဆန်ခါဖြင့် စစ်ယူပါ။ ထိုအရည်ကို ရေလက်ဖက်ရည်ပန်းကန်တစ်လုံးနှင့် ရောမွှေပြီး ခေါင်းတစ်ခုကို အရေပြားထဲစိမ့်ဝင်သည်အထိ လိမ်းပြီး ၁၅ မိနစ်၊ မိနစ် ၂၀ လောက်ထားပါ။ ပြီးလျှင် ခေါင်းလျှော်ပေးပါ။

**နှစ်ရှည်လများ ဒူးနာ၊ ခါးနာဖြစ်လျှင်** ငှေပန်းပင်၏ ဥကို တူးယူပြီး ကြက်သွန်ဖြူနှင့်ရောထောင်း၍ ဟင်းခါးအဖြစ် ချက်သောက်ပေးပါ။ ထမင်းစားသည့်အခါ ငှေပန်းပင်၏ ဥကို တို့စားပေးပါ။

**သားအိမ်ကျိတ်၊ ရင်သားကျိတ်၊ ဆီးကျိတ်၊ အကျိတ်အမျိုးမျိုးဖြစ်နေလျှင်** တစ်ပင်တိုင်မြနန်းပင်၏ ဥကို ဆန်ဆေးရည်နှင့် သွေးပြီး တစ်နေ့လျှင် သုံးကြိမ် ထမင်းစားဇွန်းတစ်ဇွန်း သွေးသောက်ပါ။ အပြင်အကျိတ်များကို သွေးပြီး လိမ်းပေးပါ။

**ကလေးငယ်များ ရေကျောက်ပေါက်လျှင်** သခွတ်ရွက်ကို ပြုတ်၍ တိုက်ပေးပါ။

**တစ်ကိုယ်လုံးညောင်းညာကိုက်ခဲနေလျှင်** သခွတ်ပင်၏ အရွက်ပြုတ်ရည်နှင့် ရေချိုးပေးပါ။

**မိတ်ပေါက်ယားယံလျှင်** ခရေပွင့်ကို ဆားနှင့်သွေး၍ မိတ်ဖုများပေါ်လိမ်းပေးပါ။ အပွင့်အသီးတို့ကို စိမ်၍ သနပ်ခါးနှင့် သွေးလိမ်းပေးပါ။

**ဝမ်းပျက်၊ ဝမ်းလျှောလျှင်** ခရေသီး၏ အတွင်းသား အနှစ်ကို အနည်းငယ်စားပေးပါ။ ခရေစေ့ကို ရေအေးနှင့် သွေး၍ အနည်းငယ် သောက်ပေးပါ။

**နှလုံးရောဂါဖြစ်လျှင်** ခရေရွက်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။ အပွင့်ကို ရှူပေးပါ။ အသီးကိုလည်း စားပေးပါ။

**ဆီးအိမ်နာကျင်၊ ဆီးရောဂါဖြစ်လျှင်** ခရေပင်၏ အခေါက်ကို ပြုတ်၍ အနည်းငယ် သောက်ပေးပါ။

**သွားဖုံးနာ၊ အာခေါင်နာ၊ သွားကိုက်လျှင်** ခရေခေါက်၊ ရှားစောင်းခေါက်၊ ဆီးဖြူခေါက်တို့ကို ဆတူပြုတ်၍ ၄င်းပြုတ်ရည်ကို ငုံပေးခြင်း၊ ပလုတ်ကျင်းပေးခြင်း ပြုလုပ်ပါ။

**လိပ်ခေါင်းဖြစ်လျှင်** တရုတ်စကားပင်၏ အမြစ် ၁၀ ကျပ်သားခန့်ကိုတူးပြီး ရေသေချာဆေး၍ ရေနှစ်လီတာဖြင့် သုံးခွက်တစ်ခွက်တင်ကျိုပါ။ ထိုအရည်ကို နံနက်တစ်ကြိမ်၊ ညတစ်သောက်ပေးပါ။

**ကိုက်ခဲညောင်းညာလျှင်** ခရမ်းသီးကို လေးစိတ်စိတ်ပါ။ အရည်ကို ညှစ်ယူပါ။ ထိုအရည်ကို ကိုက်ခဲညောင်းညာနေသည့် နေရာများတွင် လိမ်းပေးပါ။

**တုပ်ကွေး၊ ရိုးရိုးဖျားလျှင်** ပေါက်ပန်းဖြူရွက်ကို ကြက်သွန်နီနှင့် ကြော်စားပါ။

**ဝက်ရူးနာဖြစ်လျှင်** ပေါက်ပန်းဖြူရွက်ကို ငရုတ်ကောင်း၊ နွားကျင်ငယ်ရည်တို့နှင့် ကြိတ်၍ ရှူပေးပါ။

**မျက်စိမှုန်၊ မျက်စိဝေလျှင်** ပေါက်ပန်းဖြူအပွင့်၏ သတ္တုရည်ကို ခတ်ပေးပါ။

**အဆစ်ရောင်လျှင်** ပေါက်ပန်းနီပွင့်၏ အမြစ်ကို ရေနှင့်သွေး၍ မီးဖြင့်နွေးအောင်ပြုလုပ်ပြီး ရောင်နေသော နေရာများကို လိမ်းပေးပါ။

**ကြက်မျက်သင့်လျှင်** ပေါက်ပန်းဖြူပွင့်ကို ပြုတ်စားပေးပါ။

**ဆီးနီ၊ ဆီးနည်းလျှင်** ပေါက်ပန်းဖြူရွက်ကို ဟင်းချက်စားပေးပါ။ အပွင့်ကို ကြော်စား၊ ချက်စားပေးပါ။

**သည်းခြေကျောက်၊ ကျောက်ကပ်ကျောက်တည်လျှင်** ပေါက်ပန်းဖြူအပွင့်ကို မကြာခဏပြုတ်ပြီး တို့စားပေးပါ။

**မီးယပ်ဖြူဆင်း၊ သွေးအန်သွေးကျလျှင်** ပေါက်ပန်းဖြူပွင့်ကို သုပ်စားပေးပါ။

**အပူလောင်လျှင်** ပေါက်ပန်းဖြူရွက် သတ္တုရည်ကို ညှစ်ပြီး လိမ်းပေးပါ။

**ထိခိုက်ဒဏ်ရာရလျှင်** ပေါက်ပန်းဖြူရွက် သတ္တုရည်ကို လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံး သောက်ပေးပါ။ အနာမန်းဝင်ခြင်း ကင်းဝေးပါမည်။ **(တစ်နည်း)** ဩဇာရွက်သတ္တုရည်ကို လိမ်းပေးပါ။ **(တစ်နည်း)** ပိစပ်ရွက်ကို အရည်ညှစ်၍ အနာထဲကို ထည့်ပေးပါ။ ချေထားသောရွက်ဖတ်တို့ကို အနာပေါ်အုံပေးပြီး ပတ်တီးစည်းထားပါ။

**သွေးတိုး၊ ဆီးချိုဖြစ်လျှင်** သင်္ဘောဆီးဖြူရွက်ကို တစ်နေ့လျှင် သုံးခက်စားပေးပါ။ **(တစ်နည်း)**ခရေရွက်နုနု ၁၀ ရွက်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။

**ခေါင်းကိုက်လျှင်** သင်္ဘောဆီးဖြူရွက်အရင့်နှင့် အကိုင်း လက်တစ်ဆုပ်စာကို ရေဖန်ခွက်နှစ်ခွက်နှင့်ပြုတ်ပြီး သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**မစင်ချိုးတွေဖယ်ရှားချင်လျှင်** ကင်ပွန်းချဉ်ရွက်ကို ဟင်းရည်ချက်သောက်ပေးပါ။ ကင်ပွန်းချဉ်ရွက် လက်တစ်ဆုပ်စာကို ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**အသည်းရောင်၊ အသားဝါ၊ ဘီပိုး၊ စီပိုးဖြစ်လျှင်** တောင်ဆီးဖြူတစ်ပင်လုံးကို ရေစင်အောင်ဆေးပြီး ထန်းလျက်နှင့် ဆားထည့်၍ သုံးခွက်တစ်ခွက်တင်ကျိုသောက်ပေးပါ။

**ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များကိုဖယ်ရှားချင်လျှင်** ကန်စွန်းရိုးနီ လက်တစ်ဆုပ်စာကို ရေတစ်လီတာနှင့်ပြုတ်ပြီး တစ်နေ့တာလုံး သောက်ပေးပါ။

**ခေါင်းကိုက်လျှင်** ဆီးဖြူရွက်အရင့်နှင့် အကိုင်းလက်တစ်ဆုပ်စာကို ရေနှင့်ပြုတ်ပြီး တစ်ခွက်သောက်ပေးပါ။

**မျက်စိအနီးမှုန်၊ အဝေးမှုန်ဖြစ်လျှင်** ပိုးစာရွက် လေးငါးရွက်နှင့် ကန်စွန်းရိုးနီ လေးငါးညွန့်ကို ခူးပြီး ရေစင်အောင်ဆေး၍ အိုးတစ်အိုးတွင် ထည့်ပြုတ်ပါ။ ရလာသည့်အရည်ကို သံပရာသီး တစ်ခြမ်းညှစ်၍ နံနက်ထမင်းမစားခင် တစ်ခွက်သောက်ပေးပါ။

**အရေပြားရောဂါဖြစ်လျှင်** ကြောင်ပန်းရွက် အရည်ကိုညှစ်၍ သောက်ပေးပါ။

**ကလေးများ အညော်မိပြီး အဖျားကြီးလျှင်** ကြောင်ပန်းမြစ်ကို သွေးပြီး တိုက်ပေးပါ။

**ငှက်ဖျား၊ မီးတွင်းဖျား၊ ညောင်းညာဖြစ်လျှင်** ကြောင်းပန်းရွက်ပြုတ်ရည်ကို သောက်ပေးပါ။

**ဇက်ကျိုးပေါင်း၊ ခါးကျိုးပေါင်းဖြစ်လျှင်** မိဿလင်ကြပ်ထုပ်ထိုးပြီး သင်္ဘောရွက်ကို ရေနွေးခဏစိမ်ကာ ကပ်ပေးပါ။

**ပွေး၊ ဝဲ၊ ညှင်း၊ ယားနာဖြစ်လျှင်** ပိစပ်ရွက်သတ္တုရည်ကို လိမ်းပေးပါ။ **(တစ်နည်း)**စပါးလင်အဆီကို လိမ်းပေးပါ။

**မီးယပ်သွေးဆုံးလျှင်** ပိစပ်ရွက်သတ္တုရည်ကို အညာထန်းလျက်နှင့် သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

**ဗိုက်အောင့်လျှင်** စပါးလင်အရွက်ကို ရေနှင့်ကျိုသောက်ပေးပါ။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား-Tik Tok**

# ပြင်သစ်သမ္မတ ဂရင်းလန်ကျွန်းသို့ အလည်အပတ်ရောက်ရှိ အာတိတ်လုံခြုံရေး၊ ရာသီဥတုနှင့် ဂရင်းလန် စီးပွားရေးကို အဓိကထားဆွေးနွေး



**ပဲရစ် ဇွန် ၁၆**

ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်သည် ဇွန် ၁၅ ရက်က ဂရင်းလန်ကျွန်းသို့ အလည်အပတ်ရောက်ရှိလာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂရင်းလန်ကျွန်းကို အမေရိကန်ပြည်ထောင်စုအတွက် ဝယ်ယူရန် ထရမ့်အုပ်ချုပ်ရေးအဖွဲ့၏ ကြိုးပမ်းမှုများနှင့် ရင်ဆိုင်နေရချိန်တွင် ဒိန်းမတ်နယ်မြေအတွက် ဥရောပထောက်ခံမှုကို ပြသရန် ရည်ရွယ်ကာ ၎င်းထိုသို့ အလည်အပတ်ရောက်ရှိလာခြင်းဖြစ်သည်။

မာခရွန်သည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဂရင်းလန်ကို ဝယ်ယူရန် သို့မဟုတ် သိမ်းပိုက်ရန် စတင်ကြိုးပမ်းခဲ့ပြီးနောက် သယံဇာတကြွယ်ဝသော ကျွန်းသို့ လာရောက်သည့် ပထမဆုံးသော နိုင်ငံခြားခေါင်းဆောင်ဖြစ်သည်။

ဂရင်းလန်သို့ ရောက်ရှိစဉ် ထရမ့်၏ ရည်မှန်းချက်များနှင့် ပတ်သက်၍ မေးမြန်းခံရသည့်အခါ "ဒါဟာ မဟာမိတ်တွေ လုပ်သင့်တဲ့အရာမဟုတ်ဘူး… ဒိန်းမတ်နဲ့ ဥရောပသားတွေအနေနဲ့ ဒီနယ်မြေအတွက် ကတိကဝတ်ပြုဖို့ အရေးကြီးပါတယ်။ ဒီနယ်မြေဟာ မဟာဗျူဟာအရ အလွန်အရေးကြီးပြီး ၎င်း၏ နယ်မြေအချုပ်အခြာအာဏာကို လေးစားရမယ်" ဟု မာခရွန်က ထုတ်ဖော်ပြောကြားသည်။

မာခရွန်၏ခရီးစဉ်သည် "ဥရောပညီညွတ်မှုနှင့် အချုပ်အခြာအာဏာနှင့် နယ်မြေအချုပ်အခြာအာဏာကို ခိုင်မာစေရန်" ရည်ရွယ်သည်ဟု အီလီဇီနန်းတော်မှ အရင်းအမြစ်တစ်ခုက အတည်ပြုသည်။

ထို့အပြင် မာခရွန်၏ခရီးစဉ်သည် အာတိတ်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဂရင်းလန်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားမည်ဟု ထိုအရင်းအမြစ်က ဖြည့်စွက်တင်ပြခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# တရုတ်နိုင်ငံ ရှင်းကျန်းဒေသ ဟော့ချိန်ခရိုင်တွင် ပန်းများဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်

**ဟော့ချိန်(ရှင်းကျန်း) ဇွန် ၁၆**

တရုတ်နိုင်ငံ ရှင်းကျန်းဒေသ ရီးလိ(ကာဇက်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ဟော့ချိန်ခရိုင်ရှိ တရုတ်မူ(mu)သောင်းနှင့်ချီသော လာဗန်ဒါများသည် အပြည့်အဝ ပွင့်လန်းသည့်ကာလသို့ ရောက်ရှိလာသည်။ ခရမ်းရောင်ပန်းများသည် လေနှင့်အတူ ယိမ်းနွဲ့နေသည်မှာ ရှုမငြီးဖွယ်ပင်ဖြစ်သည်။ ထို့ရှုခင်း အခါအခွင့်ကြုံခိုက် ဟွေ့ယွမ် မြို့ဟောင်းနှင့် မွှေးရနံ့သင်းပျံ့သော ဟော့ချိန် ၂၀၂၅ ခုနှစ် ဟော့ချိန်ခရိုင်လာဗန်ဒါ ယဉ်ကျေးမှု ခရီးသွားရာသီကို ဇွန်လတွင် တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။

အဆိုပါအစီအစဉ်တွင် လာဗန်ဒါကို ကြားခံနယ်အဖြစ်ထားပြီး ယဉ်ကျေးမှု အနုပညာဖျော်ဖြေတင်ဆက်မှု၊ အားကစားပြိုင်ပွဲ၊ ယဉ်ကျေးမှု ဆန်းသစ်တီထွင်မှု၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပြပွဲ စသည့်အခမ်းအနားလှုပ်ရှားမှုများ ၁၀ ခုကျော် ကျင်းပသွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် သမိုင်းအနှစ်သာရ၊ သဘာဝရှုခင်းနှင့် ခေတ်မီလုပ်ငန်းများ၏ ရှုထောင့်စုံတင်ဆက်မှုကို ဖော်ဆောင်ပြီး ယဉ်ကျေးမှုခရီးသွားလာမှု တက်ကြွသည့်အင်အားများ ထုတ်ဖော်ကာ တရုတ်နိုင်ငံလာဗန်ဒါဇာတိမြေ စီးပွားရေးအရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပေးသွားမည်ဖြစ်ပေသည်။

**(ဆင်ဟွာ)**

# လွှတ်တော်အမတ်ကို ရဲအရာရှိဟန်ဆောင်၍ ပစ်ခတ်သတ်ဖြတ်ခဲ့သူ ဆစ်ဘာလေးစီရင်စုနယ် သစ်တောတစ်နေရာ၌ လက်ရဖမ်းဆီးခံရ

**ဝါရှင်တန် ဇွန် ၁၆**

အမေရိကန်ဒီမိုကရက်တစ်ပါတီဝင် ပြည်နယ်လွှတ်တော်အမတ်တစ်ဦးကို ရဲအရာရှိဟန်ဆောင်၍ ပစ်ခတ်သတ်ဖြတ်ခဲ့သူ သေနတ်ကိုင် လူသတ်သမားကို ဇွန် ၁၆ ရက်တွင် ဆစ်ဘာလေးစီရင်စုနယ် သစ်တောတစ်နေရာ၌ လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အာဏာပိုင်များက အသက် (၅၇)နှစ်အရွယ် သံသယရှိသူ ဗန့်စ်လူသာလိုလ်တာနှင့် သက်ဆိုင်သည့် ကား၊ ဦးထုပ်နှင့် အခြားပစ္စည်းများကို မင်နီယာပိုလစ်မြို့၏ အနောက်တောင်ဘက် ကျေးလက်ဒေသတွင် တွေ့ရှိခဲ့ပြီးနောက် သဲလွန်စများကိုအခြေခံကာ ၎င်းနောက်သို့ ရဲစုံထောက်များ ခြေရာခံပြီး လိုက်ခဲ့ကြသည်။

၎င်းအသက်ရှင်နေသေးသည်ဟု ယုံကြည်ကာ လက်ရဖမ်းဆီးနိုင်ရန် ဆက်လက်ဆောင်ရွက်နေကြောင်း မင်နီဆိုတာပြည်နယ်ရာဇဝတ်မှုရှာဖွေရေး ဗျူရိုမှူး ဒရူးအယ်ဗန်းစ်ကလည်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားပြီးနောက် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သံသယရှိသော အဆိုပါသေနတ်သမားသည် မိုင်အနည်းငယ်အကွာရှိ ဒီမိုကရက်တစ်ပါတီဝင် ပြည်နယ်အမတ်တစ်ဦးဖြစ်သူ ဂျွန်ဟော့ဖ်မန်းနှင့်ဇနီး ယက်တေတို့ကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုကြောင်း သိရသည်။

**Mon**

# ဟိန္ဒူဘုရားဖူးများကို သယ်ဆောင်လာသော ရဟတ်ယာဉ် ဟိမဝန္တာတောင်တန်းဒေသတစ်နေရာတွင် ပျက်ကျမှုဖြစ်ပွား

**ဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဥတ္တရာခန်းပြည်နယ်မှ ဟိန္ဒူဘုရားဖူးများကို သယ်ဆောင်လာသော ရဟတ်ယာဉ်တစ်စင်း ဟိမဝန္တာတောင်တန်းဒေသတစ်နေရာတွင် ဇွန် ၁၅ ရက်က ပျက်ကျရာ ကလေးငယ်အပါအဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၃၀ ခန့်တွင် ထိုရဟတ်ယာဉ်သည် ဘုရားဖူးမြို့ဖြစ်သော ကဒါနတ်မှ ၃၇ ကီလိုမီတာအကွာ ဂုတ်ကရှိမြို့သို့ ပျံတက်ခဲ့သော်လည်း ပျံတက်ပြီးမကြာမီ ပျက်ကျခဲ့ကြောင်း ဥတ္တရာခန်းပြည်နယ် ပြည်သူ့လေကြောင်းဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့မှ အရာရှိများက သတင်းထောက်များကို ရှင်းလင်းပြောကြားသည်။

ပျက်ကျပြီးနောက် မီးလောင်မှုကြောင့် ရုပ်အလောင်းများ အလွန်ပြင်းထန်စွာ ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ရဟတ်ယာဉ် ပျက်ကျရာနေရာသည် ဝေးလံခေါင်သီပြီး သစ်တောထူထပ်သော ဒေသတွင်တည်ရှိကာ ဒေသခံရဲများနှင့် ညှိနှိုင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ဥတ္တရာခန်းပြည်နယ် ပြည်သူ့ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ကြောင်း သိရသည်။ **Mon**



# ပျက်ကျခဲ့သည့် အိန္ဒိခရီးသည်တင်လေယာဉ်ကြီး၏ သေတ္တာနက်နှစ်လုံးစလုံးကို တွေ့ရှိခဲ့ပြီဟု အတည်ပြု

**ဒေလီ ဇွန် ၁၆**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ရုံးအကြီးအကဲ ပီကေမီရှာ ဇွန် ၁၅ ရက်ညည့်နက်ပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ယခင်အပတ်က ပျက်ကျခဲ့သည့် အိန္ဒိယလေကြောင်းပိုင် ခရီးသည်တင်လေယာဉ်ကြီး၏ လေယာဉ်ပျံသန်းမှုအချက်အလက်မှတ်တမ်းနှင့် လေယာဉ်မောင်းချိန်အသံမှတ်တမ်းသေတ္တာနက်နှစ်လုံးစလုံးကို တွေ့ရှိခဲ့ပြီဟု အတည်ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒုတိယတွေ့ရှိသော အနက်ရောင်သေတ္တာမှာ လေယာဉ်မောင်းချိန်အသံမှတ်တမ်းကိရိယာဖြစ်ပြီး ယခင်တွေ့ရှိခဲ့သည်မှာ လေယာဉ်ပျံသန်းမှုအချက်အလက်မှတ်တမ်းဖြစ်ကြောင်း ဟိန္ဒူစတန်းတိုင်းမ်သတင်းစာ၏ ဇွန် ၁၆ အစောပိုင်းသတင်းတစ်ပုဒ်၌ တွေ့ရသည်။

ပထမဆုံးသေတ္တာနက်ကို ဇွန် ၁၃ ရက်နေ့တွင် တွေ့ရှိခဲ့ပြီး လေယာဉ်ပျက်စီးမှု စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို သုံးလအတွင်း ထုတ်ပြန်မည်ဟု အိန္ဒိယပြည်ထောင်စု လေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီး ရမ်မိုဟန်နိုင်ဒူကင်ဂျာပူက ပြောကြားခဲ့သည်။

သေတ္တာနက်နှစ်လုံးမှ အချက်အလက်များကို ဒေါင်းလုပ်ဆွဲပြီး ဆန်းစစ်ရန် လေးရက်မှငါးရက်အထိ ကြာနိုင်ပြီး လူ ၂၇၄ ဦး သေဆုံးခဲ့သည့် ထိုလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အပြည်ပြည်ဆိုင်ရာစုံစမ်းရေးအဖွဲ့ဝင်များ အာမီဒါဘတ်မြို့သို့ ရောက်ရှိလာကာ အိန္ဒိယလေယာဉ်မတော်တဆမှု စုံစမ်းစစ်ဆေးရေးဗျူရိုနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**Mon**



# ဝူတိပ်မုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၊ ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှု ခုနစ်ဦးအထိ ရှိလာ

**ဟန်နွိုင်း ဇွန် ၁၆**

ဝူတိပ်မုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုမှာ ခုနစ်ဦးအထိ ရှိလာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဝူတိပ်မုန်တိုင်းသည် ဇွန် ၁၄ နှင့် ၁၅ ရက်တို့တွင် တရုတ်နိုင်ငံတောင်ပိုင်းသို့ ရောက်ရှိခဲ့ပြီး တစ်နာရီလျှင် ၁၂၈ ကီလိုမီတာအထိ လေပြင်းတိုက်ခတ်ရာမှ နောက်ပိုင်းတွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့သည်။

ဗီယက်နမ် အလယ်ပိုင်းတွင် ထိုမုန်တိုင်းကြောင့် လူခုနစ်ဦးသေဆုံးကာ အိမ်ခြေ ၁၀၀ ခန့် ပျက်စီးခဲ့ပြီး ဟက်တာ ၆၀၀၀၀ နီးပါးရှိ လယ်ယာမြေများ ရေနစ်မြုပ်ခဲ့သည်ဟု ပြည်တွင်းသဘာဝဘေးအန္တရာယ်နှင့် ရေကာတာစီမံခန့်ခွဲမှုဌာနက အတည်ပြုသတင်းထုတ်ပြန်ကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## SZA နှင့် Kendrick Lamar တို့၏ Luther သီချင်း ပရိသတ်ကြား၌ ရေပန်းစား



ကမ္ဘာကျော်ရက်ပ်ပါကန်ဒရစ်လာမားနှင့် အက်စ်ဇာတို့၏ Luther သီချင်းမှာ ပရိသတ်ကြား၌ ရေပန်းစားနေကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ သီချင်းမှာ၂၀၂၅ခုနှစ်၏ ထိပ်ဆုံးတွင် အကြာဆုံးရပ်တည်နိုင်သည့် သီချင်းဖြစ်ရုံသာမက ဆယ်စုနှစ်ဖြစ်သည့် ၂၀၂၀ မှစ၍ ထွက်ရှိထားသော သီချင်းများအားလုံးတွင် စံချိန်တင်ခဲ့သည်။

အက်စ်ဇာ၏ အဆိုတော်သက်တမ်းတွင် ပထမဆုံးအကြိမ် ဘီလ်ဘုတ်ဟော့ ၁၀၀တွင် နံပါတ်(၁)၊ ဘီလ်ဘုတ် ၂၀၀အယ်လ်ဘမ်တွင် နံပါတ်(၁)ကို Luther နှင့် SOS Deluxe: LANA စသဖြင့် ဘီလ်ဘုတ်ဂီတနှင့် အယ်လ်ဘမ်နှစ်ချပ်စလုံးတွင် တစ်ပြိုင်နက် နံပါတ်(၁)ချိတ်ထားပြီး ပရိသတ်ကြား၌ ရေပန်းစားနေသည်။

(SKY)



## ကဖိန်းဓာတ်၏ အာရုံကြောဆိုင်ရာ သက်ရောက်မှုများ အိပ်စက်ခြင်းအပေါ် လွှမ်းမိုးနိုင်ကြောင်း တွေ့ရှိ

ကဖိန်းဓာတ်သည် နံနက်စာအဖြစ် သောက်သုံးသည့် ကော်ဖီတွင်သာမက လက်ဖက်ရည်၊ ချောကလက်၊ စွမ်းအားဖြည့်အချိုရည်များနှင့် အချိုရည်အများအပြားတွင်လည်း ပါဝင်ပါသည်။ ထို့ကြောင့် ၎င်းသည် ကမ္ဘာတစ်ဝန်းတွင် အများဆုံးစားသုံးသည့် စိတ်ကိုလှုံ့ဆော်ပေးသော ဓာတ်တစ်မျိုးဖြစ်သည်။

ကနေဒါနိုင်ငံ မွန်ထရီယယ်တက္ကသိုလ်မှ ပြုလုပ်သည့် သုတေသနအသစ်အရ ကဖိန်းဓာတ်သည် နိုးကြားမှုကိုသာမက ဦးနှောက်၊ ညဘက်အိပ်စက်ချိန်တွင် ပြန်လည်အားပြည့်မှုနှင့် ဉာဏ်ရည်ဆိုင်ရာလုပ်ဆောင်နိုင်စွမ်းများကိုပါ သက်ရောက်မှုရှိကြောင်း မကြာသေးမီက တွေ့ရှိခဲ့သည်။

အိပ်စက်ခြင်းနှင့် အသက်ကြီးခြင်းဆိုင်ရာ ကျွမ်းကျင်သူ ဂျူလီကာရီယာနှင့် အဆိုပါတက္ကသိုလ်၏ အိပ်စက်ခြင်း ဆေးဝါးအဆင့်မြင့်သုတေသနဌာနတို့ ပူးပေါင်းကာ ကဖိန်းဓာတ်က အိပ်စက်ခြင်းအပေါ် သက်ရောက်မှုများကို လေ့လာရန် ဉာဏ်ရည်တုနှင့် ဦးနှောက်လျှပ်စစ်လှိုင်းမှတ်တမ်းနည်းပညာများကို အသုံးပြုခဲ့ကြောင်း သိရသည်။

(SCI)

## Won Bin ကို နိုင်ငံကျော် အမ်စီက ထုတ်ပြောရသည့်အထိ လျှို့ဝှက်စွာ နေထိုင်ခဲ့

နာမည်ကြီး နိုင်ငံကျော်အမ်စီ ယူဂျေဆွတ် ကိုယ်တိုင်က ထုတ်ပြောရသည်အထိ အနေအထိုင်သိုသိပ်၍ လျှို့ဝှက်စွာနေထိုင်ခဲ့သည့် နာမည်ကြီးသရုပ်ဆောင် ဝမ်ဘင်းအကြောင်းကို Ddeun Ddeun တွင် ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် တွေ့ကြုံဖူးခဲ့သမျှ နာမည်ကြီး သရုပ်



ဆောင်များအကြောင်း ပြောကြားကြရာမှ နိုင်ငံကျော်အမ်စီ ယူဂျေဆွတ်က ဝမ်ဘင်းကို သူ့ဘဝတွင် လူချင်းတစ်ခါမှ မတွေ့ဖူးသည့် လူနည်းစုတွင်ပါသည့် နာမည်ကြီးဖြစ်သည်ဟု ထုတ်ပြောခဲ့သည်။

ယူဂျေဆွတ်သာမက သက်တမ်းရင့် အနုပညာရှင်လီယိုရီနှင့် ရိန်းတို့ကလည်း ဝမ်ဘင်းကို မမြင်ဖူးကြောင်းပြောကြားခဲ့ရာ ဝမ်ဘင်းမှာ လက်ရှိအနုပညာနယ်ပယ်မှ လျှို့ဝှက်စွာနေထိုင်နေသည့် ထိပ်တန်းနာမည်ကြီး မင်းသားဖြစ်ကာ The Man From Nowhere ကို ၂၀၁၀ပြည့်နှစ်တွင် ရိုက်ပြီးနောက် အနုပညာလောကမှ ပျောက်ကွယ်သွားခဲ့သည်။

ဝမ်ဘင်းသည် အတူသရုပ်ဆောင်ခဲ့သည့် ကင်ဆာရမ်းဗျာပနသို့ ဝမ်းနည်းစွာတက်ရောက်လာသည်ကို ပရိသတ်တချို့မြင်တွေ့ခဲ့ကြရသည်။ (SKY)



## 2NE1 မှ Park Bom ၏ ယိုယွင်းလာသည့် သင်္ချိုရအလှတရား

ကမ္ဘာကျော်တူးအင်န်အီဝမ်း အဖွဲ့ဝင်များသည် အချိန်အတိုင်းအတာတစ်ခုအထိ ဖက်ရှင်စတိုင်လ်အပြည့်နှင့် ချောမောလှပခဲ့ကြရာမှ နှစ်များစွာအတွင်း ယိုယွင်းလာသည့် သင်္ချိုရအလှတရားများကို ကြုံတွေ့ခဲ့ကြရာ အဖွဲ့ဝင်ပတ်ဘွန်းလည်း ပါဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပိုင်ဂျီအင်တာတိန်းမင့်၏ ဟစ်ဟော့ပ်ဘုရင်မများဖြစ်ကြပြီး ပတ်ဘွန်းသည် ဘာဘီရုပ်လေးကဲ့သို့ လှပ၍ နာမည်ကြီးသူဖြစ်ခဲ့ကာ အသက်အရွယ် ရလာချိန်တွင် ကျန်းမာရေးကြောင့် ခန္ဓာကိုယ်ဝိတ်တက်လာ၍ ဘဝတိုက်ပွဲကို ခါးသီးစွာ ရင်ဆိုင်ခဲ့ရသည်။

ပတ်ဘွန်းက အနုပညာလုပ်ငန်းများရပ်နားထားပြီး ပရိသတ်ရှေ့သို့ ခန္ဓာကိုယ်ပြုပြင်ပြောင်းလဲမှုများနှင့် လှပစွာပြန်ရောက်ခဲ့ကာ အလှအပကြိုက်သူဖြစ်၍ သူ့ပုံများကို Filter သုံးစွဲရိုက်ကူးထားသဖြင့် ဝေဖန်မှုခံခဲ့ရသည်။ မမြဲသောတရားသဘောအရ ယိုယွင်းလာသည့် သင်္ချိုရအလှကို ပတ်ဘွန်း လက်ခံရန် ခက်ခဲနေသည်။

(SKY)

## Black Pink မှ Rose ၏ အောင်မြင်မှုကို Forbes က ဖော်ပြထား



ဘလက်ပင့်ခ် အဖွဲ့ဝင် ရို့စ်၏ တစ်ကိုယ်တော်ဂီတ အောင်မြင်မှုကို Forbes မဂ္ဂဇင်းက ဆောင်းပါးရေးသား ဖော်ပြထားရာတွင် Billboard Charts အောင်မြင်မှုအကြောင်းပါပြီး ဘီတီအက်စ်မှ ဂျောင်ကုကိုပါ ထည့်သွင်းထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရို့စ်၏ Billboard Charts အောင်မြင်မှုအကြောင်း ရေးသားထားသည့် ဆောင်းပါးတွင် ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကု၏ နောက်၌သာ ရှိသေးကြောင်း၊ ဂျောင်ကုမှာ ဘီလ်ဘုတ် Adult Pop Airplay Chart တွင် သီချင်းသုံးပုဒ်နှင့် ဦးဆောင်နေကြောင်း ဘီတီအက်စ်အဖွဲ့က သီချင်းနှစ်ပုဒ်ပါဝင်သည်ဟု ဖော်ပြထားသည်။

ရို့စ်က Melon တွင် APT, Toxic till the end , number one girl တို့နှင့်ထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ဘရူနိုမတ်စ်၊ SZA အိုလီဗာရိုဒရာဂိုတို့နှင့် Rosie မှာလည်း အောင်ပွဲခံနိုင်ခဲ့သည်။

(SKY)

## Pope Thanawat မိခင်ကြီး တရားအားထုတ်ရန် ဓမ္မကျောင်းဆောင် ဆောက်လုပ်ပေး

ထိုင်းအနုပညာရှင် ပိုပီသာနာဝပ်သည် ရိုးအေးစွာနေထိုင်၍ ဘာသာတရားကိုင်းရှိုင်းကာ မိခင်ကြီး တရားအားထုတ်ရန်အတွက် ဓမ္မကျောင်းဆောင်ဆောက်လုပ်ပေးခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ထိုင်းအနုပညာရှင်များ သတင်းဖော်ပြသည့် Preaw မဂ္ဂဇင်းအတွက် ဓာတ်ပုံမော်ဒယ်လ်ရိုက်ကူးပေးထားသည့် ပိုပီသန်နာဝပ်သည် ချယ်နယ်သရီး၏ဘောလုံးပွဲတွင် လည်းပါဝင်ရန် ပြင်ဆင်ထားသည်။

မိခင်ကြီး စိတ်အေးချမ်းစွာ တရားအားထုတ်နိုင်ရန်အတွက် ဓမ္မကျောင်းဆောင် ဆောက်လုပ်ပေးခဲ့သဖြင့် လက်ရှိအလုပ်များနေပြီး ကိုယ်တိုင်လည်းဘာသာတရားလိုက်စားကာ မိခင်ချစ်သော သားအဖြစ် ထိုင်းပရိသတ်ကြား၌ ရေပန်းစားနေသည်။

(SKY)

## Kenny Ho နှင့် Colin Chou တို့၏ ရင်းနှီးမှုများ အားကျစရာဖြစ်



ဟောင်ကောင်အနုပညာရှင်ကန်နီဟိုနှင့် ကိုလင်ချောင်တို့နှစ်ဦး၏ ရင်းနှီးမှုမှာ ပရိသတ်များအတွက် အားကျစရာဆက်ဆံရေးတစ်ခုဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်တွင် ဖော်ပြသည်။

ကျန်ကျောင်းဓာတ်ရုပ်နှင့် လူသိများသည့် ကန်နီဟိုနှင့် ကိုလင်ချောင်တို့မှာ ၁၉၉၈ ခုနှစ် Red Wolf ရုပ်ရှင်တွင် တစ်ခါဆုံခဲ့ကြပြီး ခင်မင်ခဲ့ကြရာမှ ကန်နီဟိုရှိသည့် ဟောင်ကျူးသို့ အမြဲလာလည်ကာ ကန်နီဟို၏(၅၉)နှစ်ပြည့်မွေးနေ့ပွဲကို ကျင်းပပေးခဲ့သည်။ ကန်နီဟို မွေးနေ့ရောက်တိုင်းလည်း မွေးနေ့ကိတ်ပေးပို့ကာ ၁၉၉၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်ပေါင်း ၃၀ တိုင်တိုင် တစ်နှစ်မှမပျက်မကွက်ပေးပို့မြဲဖြစ်ကာ လက်ရှိအမေရိကန်နိုင်ငံတွင် အခြေချနေသော ကိုလင်ချောင်က တရုတ်ပြည်ပြန်လာတိုင်း ဟောင်ကျူးသို့ အရောက်ပြေးလာပြီး ကန်နီဟိုကိုလာရောက်တွေ့သူဖြစ်သည်။ သူတို့ နှစ်ဦး၏ ခင်မင်ရင်းနှီးမှုကို ပရိသတ်များအား ကျမဆုံးဖြစ်နေကြကာ မိတ်ဆွေစစ်များအဖြစ် သတ်မှတ်ခဲ့ကြသည်။

(SKY)

## အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၇၇) နေ ဦးအောင်ဇော်လင်း မှတ်ပုံတင်အမှတ်(၈/မမန(နိုင်)၀၀၀၉၅၉)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် " DUNLOP " အမည်အမှတ်အသားဖြင့် '**အလိုင်းမင်း၊ ဂျပန်ကားလေးဝပ်ရှော့၊ ကွန်ပျူတာဘောက်စစ်၊ ကားဆားဗစ်စင်တာလုပ်ငန်း**'ကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်း လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေဖြစ်သူက "DUNLOP" အမည်ဖြင့် ဆိုင်ခွဲ(၂)ဆိုင်ဖွင့်လှစ်ထားပါသည်။ ဆိုင်ခွဲ(၁)ကို " DUNLOP " အမည်ဖြင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၅၄+၇၇)၊ ၆၂လမ်းနှင့် ရတနာလမ်းထောင့်တွင် ဖွင့်လှစ်ထားပြီး၊ ဆိုင်ခွဲ(၂)ကို " DUNLOP-II " အမည်ဖြင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂)၊ ဦးပိုင်အမှတ်(၁+၁၆)၊ ၆၂လမ်း၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားတွင် ဖွင့်လှစ်ထားပါသည်။

၃။ ကျွန်ုပ်မိတ်ဆွေဖြစ်သူက တရားဝင်မှတ်ပုံတင်သွင်း ဦးစီးဦးဆောင်လုပ်ကိုင်လျက်ရှိသော အထက်ဖော်ပြပါလုပ်ငန်းများကို " DUNLOP "နှင့် " DUNLOP-II "ဟူသည့် ဆိုင်ခွဲ(၂)ဆိုင်မှလွဲ၍ အခြားဆိုင်ခွဲလုပ်ငန်း ဖွင့်လှစ်ထားခြင်း မရှိပါ။

၄။ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ " DUNLOP " '**အလိုင်းမင်း၊ ဂျပန်ကားလေးဝပ်ရှော့၊ ကွန်ပျူတာဘောက်စစ်၊ ကားဆားဗစ်စင်တာလုပ်ငန်း**'ကို သီးခြားဆိုင်ခွဲထပ်မံဖွင့်လှစ်ခဲ့ပါက ကျွန်ုပ်မိတ်ဆွေဖြစ်သူကိုယ်တိုင် အများသိစေရန်ကြေညာ၍ ဖွင့်လှစ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ " DUNLOP " အမည်အမှတ်တံဆိပ်ကို မိုငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်သောနည်းဖြင့် အတုအပပြုလုပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လုပ်ငန်းအမည်အမှတ်အသားကို ပုံသဏ္ဌာန်အားဖြင့် အများထင်ယောင်ထင်မှား(ဆင်တူယိုးမှား)ဖြစ်စေရန် ပြုလုပ်၍ အသုံးပြုခြင်းတို့ဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ "DUNLOP" '**အလိုင်းမင်း၊ ဂျပန်ကားလေးဝပ်ရှော့၊ ကွန်ပျူတာဘောက်စစ်၊ ကားဆားဗစ်စင်တာလုပ်ငန်း**'(ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဆိုင်ခွဲထပ်မံဖွင့်လှစ်သည့်သဘောသက်ရောက်စေသည့်လုပ်ငန်း(သို့မဟုတ်)အမည်နာမတူလုပ်ငန်း) စသည်တို့ကို လုံးဝဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

(က) အထက်ဖော်ပြပါကြေညာချက်များကို ဖောက်ဖျက်ပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ချက်နှင့်အညီ အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်နှင့်အညီ |
|---|---|
| **ဦးအောင်ဇော်လင်း** | **ဦးဌေးဦးလင်း** |
| **(၈/မမန(နိုင်)၀၀၀၉၅၉)** | **(တရားလွှတ်တော်ရှေ့နေ)** |

**၁၁၀(E)လမ်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊**
**အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၉၆၈၁၈၉၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးထွန်းနိုင်ဦးအမည်ဖြင့် မြေနေရာချထားခြင်းခံရသည့်မြေကွက်၏မြောက်အစွန်ဆုံးနှင့်ကပ်လျက်တောင်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်ထွန်း(ဘ)ဦးသိန်းအောင်(၉/မလန(နိုင်)၀၄၃၂၂၁)နှင့် ဒေါ်ဥမ္မာစိုး(ဘ)ဦးအောင်စိုး(၉/မထလ(နိုင်)၂၉၀၂၃၄)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသီမြင့် (LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## ပြန်လည်ရှင်းလင်း ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၈၆)၊ ဦးပိုင်အမှတ်(၃)၊ (၅-က)၊ (၅-ခ)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၅) ဦးထွန်းအေး+ဒေါ်စိုးအမည်ပေါက် ဘိုးဘပိုင်မြေကွက်များ(ယင်းမြေကွက်များအတွင်းမှ ၂၂(စီ)လမ်းမျက်နှာပြု၊ လမ်းမြောက်ဘက်ခြမ်းရှိ အမွေဆိုင်များရောင်းချထားပြီးသည့် မြေကွက်များမှလွဲ၍)ကျန်မြေကွက်များနှင့် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို သက်ဆိုင်သူညီအစ်ကိုမောင်နှမများမှ လွှဲပြောင်းရောင်းချမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်းကို ဒေါ်ကြည်ကြည်မြ၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်ခင်ဆွေနှင်း၊ ဦးထွန်းလှအောင်တို့၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မွန်ထွေး၏ အများသိစေရန်ကြေညာချက်ကို (၁၂-၆-၂၀၂၅)ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ထည့်သွင်းကြေညာထားကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်းကို ယင်းမြေကွက်ပေါ် နေထိုင်သည့် အမွေဆိုင်တစ်ဦးဖြစ်သူ ဦးတင်မောင်ညွှန့်နှင့် တောင်ကြီးမြို့တွင်နေထိုင်သော အမွေဆိုင်တစ်ဦးဖြစ်သူ ဦးဝင်းမိုလ်တို့က လုံးဝသဘောတူညီခြင်းမရှိကြောင်း၊ ကန့်ကွက်ပါကြောင်းကို ၎င်းတို့၏ လွှဲအပ်ချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ဦးတင်မောင်ညွှန့်နှင့် ဦးဝင်းမိုလ်တို့၏ တရားဝင်သဘောတူညီချက်မရရှိဘဲ အရောင်းအဝယ်ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

| လွှဲအပ်သူများ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| **၁။ ဦးတင်မောင်ညွှန့်** | **ဦးဌေးအောင်(ဥပဒေဘွဲ့)** |
| **(၉/မနမ(နိုင်)၀၄၂၇၆၈)** | **တရားလွှတ်တော်ရှေ့နေ** |
| **၂။ ဦးဝင်းမိုလ်** | ၂၈လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ |
| **(၉/မဟမ(နိုင်)၀၄၄၄၉၈)** | မန္တလေးမြို့။ ဖုန်း ၀၉-၂၀၂၂၄၄၀ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်အမှတ်(၁၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးစွာ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ (ရေ+မီး)အစုံအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူများဖြစ်သည့် ၁။ ဦးကျော်နိုင်စိုး(ဘ)ဦးစွာ(၉/ခမစ(နိုင်)၀၂၀၇၁၁)၊ ၂။ ဦးဇော်ဇော်ထွန်း(ဘ)ဦးစွာ(၉/ခမစ(နိုင်)၀၂၀၇၀၂)၊ ၃။ ဒေါ်စုမော်ဝင်း(ဘ)ဦးစွာ(၉/ခမစ(နိုင်)၀၃၃၁၀၀)၊ ၄။ ဦးမောင်မောင်ရွှေ(ဘ)ဦးစွာ(၉/ခမစ(နိုင်)၀၅၂၁၃၀)ကိုင်ဆောင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများပြသပြီး ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတေဇာအောင် (LL.B)** | **ဒေါ်ဖြိုးဖြိုးအေး (LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**
**အကွက်အမှတ်(ငင-၇)၊ ၅၄လမ်း၊ ဘုရင့်နောင်လမ်းနှင့် အနော်ရထာလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၅၅၀၈၉၊ ၀၉-၉၇၈၈၈၃၆၃၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၆)၊ ဦးပိုင်အမှတ်(၆၉-ခ)၊ ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၂-၁၂-၂၀၂၁)ရက်စွဲပါ ပေးကမ်းခြင်းကတိစာချုပ်အရ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်အေးသီတာအောင်(ဘ)ဦးအောင်ဌေး(၉/ပကခ(နိုင်)၀၂၂၃၂၅) ပါ(၄)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်မြင့်(ခ)ဦးဖိုးကျော်** | **ဒေါ်ဝင်းဝင်းနိုင်** | **ဒေါ်ယဉ်ယဉ်ဦး** |
| **(LL.B)** | **(LL.B)** | **(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၈၀၁၄၊ ၀၉-၄၂၃၄၂၉၉၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)၊ ဦးပိုင်အမှတ်(၆၂+၆၅)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးကျော်ငြိမ်း(ဘ)ဦးမြသန်း(၅/ကလန(နိုင်)၀၀၂၁၆၆)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးနှင်းဖြူ(ဘ)ဦးခင်မောင်လင်း(၅/ကသန(နိုင်)၀၀၅၅၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A(Hist), H.G.P (အထက်တန်းရှေ့နေ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၇)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် တပ်ကြပ်ကြီး ဝင်းကြည်(ဘ)ဦးဘိုတင်(၉/မနမ(နိုင်)၀၈၄၉၄၉)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းကျော်(ဘ)ဦးကုလား(၆/မမန(နိုင်)၁၄၀၁၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A(Hist), H.G.P (အထက်တန်းရှေ့နေ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်မြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(C-2)၊ ဦးပိုင်အမှတ်(C-2/4)၊ ဧရိယာ(၀ ဒသမ ၂၂၉၆)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးတင့်ဆန်းအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးသကြင်္န်ကျော်(၉/မရတ(နိုင်)၀၀၃၁၆၇)ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**၉/ပကခ(နိုင်)၀၁၅၁၈၈**
**(ဒဒ-၄၅/၂၃)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။**
**ဖုန်း ၀၉-၂၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆**

## ကြော်ငြာစာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒေါက်တာစိုးအောင်ကျော်(Managing Director)GE Group Construction Co.,Ltd မှ ကန်ထရိုက်လိုင်စင် လျှောက်ထားလာပါသည်။

၂။ အထက်ပါကုမ္ပဏီမှ ကန်ထရိုက်လုပ်ငန်းလိုင်စင်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်၍ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၆-၂၀၂၅)၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၁)ကြော်ငြာစာတွင် အကွက်(လလ-၉)၊ ဦးပိုင်(၇၁)အစား၊ အကွက်(လလ-၉)၊ ဦးပိုင်(၇၁) ခဲစင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ဖြစ်ရန်လို ...

❖ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ် ...

❖ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် မောင်းနှင်လည်ပတ်လျက်ရှိသည့် ကျိုင်းတောင်း ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်း ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော စီမံကိန်းပုံစံငယ်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများနှင့် မြေကြီးကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များရရှိမှုအပေါ် အခြေခံ၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းပြောကြားပြီး စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်ပြီးဖြစ်သော ပင်မတာမံ၊ ပင်မရေပိုလွှဲ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်နှင့် တည်ဆောက်ဆဲဖြစ်သော ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် Switchyard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ဆက်လက်၍ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ စက်ရုံရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Weir(3)၊ Trash Rack များ ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ရုံရေထုတ်မြောင်းပြုပြင်ထိန်းသိမ်းခြင်း၊ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်တည်ရှိပြီး ၁၈ မဂ္ဂါဝပ် ဓာတ်အားပေးစက် သုံးလုံးဖြင့် တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိကာ နှစ်စဉ် ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရ



**လန်ဒန် ဇွန် ၁၆**

၂၀၂၅ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(B) အဖွင့်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းဘက်သို့ တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ဖေဘီရန်ရုဇ်၊ ပွဲချိန် (၄၅+၁)မိနစ်တွင် ဗီတင်ညာ၊ ပွဲချိန် ၈၇ မိနစ်တွင် မာယူလူ၊ ပွဲချိန် (၉၀+၇)မိနစ်တွင် လီကန်အင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ၂၀၂၅ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(B) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၀ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဘိုတာဖိုဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)